CMS TITLE IX မကျေနပ်ချက် ဖြေရှင်းရေး

မာတိကာ

I. ရည်ရွယ်ချက် 3
II. ခွဲခြားဆက်ဆံမှုမပြုရေး အသိပေးချက် 4
အဖွဲ့အစည်းဆိုင်ရာ ကတိကဝတ် 4
III. လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုဆိုတာ ဘာလဲ။ 5
IV. အဓိပ္ပာယ်ဖွင့်ဆိုချက်များ 5
V. လုပ်ထုံးလုပ်နည်းဆိုင်ရာ သတ်မှတ်ချက်များ 8
A. အမှန်တကယ် သိရှိစေရန် အကြောင်းကြားခြင်း 8
B. သတင်းပို့တိုင်ကြားခြင်း 9
C. အထောက်အကူပြု/ယာယီ ဆောင်ရွက်ချက်များ 9
D. အချိန်ကန့်သတ်ချက်များ 11
E. ပေးပို့အကြောင်းကြားခြင်း 12
F. သက်သေအထောက်အထားပြရမည့် စံနှုန်း 12
G. သက်ဆိုင်မှု 12
V. လျှို့ဝှက်ထားရှိမှု 12
VI. အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ် 13
VII. တရားဝင် တိုင်ကြားရေး လုပ်ထုံးလုပ်နည်းများ 16
အဆင့် 1-တရားဝင်တိုင်ကြားချက် တင်ခြင်း 16
a. ပယ်ချခြင်း 17
b. ပယ်ချခြင်းအပေါ် အယူခံဝင်ခြင်း 17
အဆင့် 2-စီရင်ပိုင်ခွင့် ရှိ၊ မရှိ ဆုံးဖြတ်ခြင်း 18
အဆင့် 3-စုံစမ်းစစ်ဆေးခြင်း 19
A. စွပ်စွဲချက် အသိပေးစာ 19
B. စုံစမ်းစစ်ဆေးမှု အသိပေးစာ 20
အဆင့် 4-ရလဒ် အသိပေးစာ 24
အဆင့် 5-အယူခံဝင်ပိုင်ခွင့်များ 25
အဆင့် 6-ပြင်ပအဖွဲ့အစည်းများသို့ တိုင်ကြားခြင်း 28
VIII. စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူ ဒဏ်ခတ်မှုများနှင့် ကုစားဖြေရှင်းမှုများ 29
IX. လက်တုံ့ပြန်မှုမရှိရေး 30
X. မဟုတ်မမှန် တိုင်ကြားခြင်း 30

13/08/2020 တွင် အပ်ဒိတ်လုပ်ခဲ့သည်၊ 23/10/2020 တွင် ပြင်ဆင်ခဲ့သည်၊ 11/07/2024 တွင် ပြင်ဆင်ခဲ့သည်၊ 3/2025 တွင် ပြင်ဆင်ခဲ့သည်

CMS TITLE IX မကျေနပ်ချက် ဖြေရှင်းရေး

XI. ဤလုပ်ထုံးလုပ်နည်းများ၊ အချိန်ကာလသတ်မှတ်ချက်များနှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ဆောင်ချက်များ ဆက်စပ်ပုံ 31
XII. Title IX လေ့ကျင့်သင်ကြားရေး စာရွက်စာတမ်းများ 31
XIII. Title IX ညှိနှိုင်းရေးမှူး၏ ဆက်သွယ်ရန် အချက်အလက် 32

CMS TITLE IX မကျေနပ်ချက် ဖြေရှင်းရေး

2020 Title IX စည်းမျဉ်းစည်းကမ်းများ

1972 ခုနှစ် ပညာရေးဆိုင်ရာ ပြင်ဆင်ချက်ဥပဒေ၊ Title IX (“Title IX”) သည် အမေရိကန်ပြည်ထောင်စုအတွင်း ဖက်ဒရယ်ရန်ပုံငွေရရှိသော အဖွဲ့အစည်းတိုင်းတွင် လိင်အခြေပြု ခွဲခြားဆက်ဆံမှုကို တားမြစ်ထားသည်။ Title IX သည် တိုင်ကြားချက် တင်သွင်းသူ သို့မဟုတ် ဖြေရှင်းရေး လုပ်ငန်းစဉ်တွင် ပါဝင်သူများအပေါ် လက်တုံ့ပြန်မှုကိုလည်း တားမြစ်ထားသည်။ Charlotte-Mecklenburg Schools (CMS) က ၎င်း၏ ပညာရေးဆိုင်ရာ အစီအစဉ်များ သို့မဟုတ် လုပ်ဆောင်ချက်များတွင် လိင်အခြေပြု ခွဲခြားဆက်ဆံမှု မပြုပါ။ လိင်ပိုင်းဆိုင်ရာ မလျော်မကန်ပြုမူမှု စွပ်စွဲချက်အားလုံးအပေါ် အလေးအနက်ထားပြီး သင့်လျော်စွာ စုံစမ်းစစ်ဆေးပါမည်။ လိင်အခြေပြု ခွဲခြားဆက်ဆံမှု စွပ်စွဲချက်များကို ဖက်ဒရယ်ဥပဒေအရ၊ ခရိုင်က သတ်မှတ်ထားသော အောက်ပါ Title IX မကျေနပ်ချက် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများအတိုင်း ကိုင်တွယ်ဖြေရှင်းပါမည်။

I. ရည်ရွယ်ချက်

1972 ခုနှစ် ပညာရေးဆိုင်ရာ ပြင်ဆင်ချက်ဥပဒေ၊ Title IX တွင် ပြဋ္ဌာန်းထားသည့်အတိုင်း CMS သည် လိင်အခြေပြု ခွဲခြားဆက်ဆံမှု၊ လိင်အခြေပြု နှောင့်ယှက်မှု၊ ကာကွယ်ပေးထားသော လုပ်ဆောင်ချက်တွင် ပါဝင်မှုအတွက် လက်တုံ့ပြန်ခြင်း စသည်တို့ ကင်းရှင်းသော ပညာရေးနှင့် လုပ်ငန်းခွင် ပတ်ဝန်းကျင်ကို ပံ့ပိုးပေးရန် ကတိကဝတ်ပြုထားပါသည်။

ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသတွင်း လိင်အခြေပြု ခွဲခြားဆက်ဆံမှု တားမြစ်ရေး ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိကြောင်း သေချာစေရန်နှင့် ပညာရေးဆိုင်ရာ အစီအစဉ် သို့မဟုတ် လုပ်ဆောင်ချက် ကဏ္ဍအရပ်ရပ်တွင် မျှတမှုနှင့် သာတူညီမျှမှု ရည်မှန်းချက်များကို အားပေးမြှင့်တင်ရေးဟူသော မိမိတို့၏ ကတိကဝတ်ကို အတည်ပြုဖော်ပြရန် CMS သည် လိင်အခြေပြု ခွဲခြားဆက်ဆံမှု၊ လိင်အခြေပြု နှောင့်ယှက်မှု သို့မဟုတ် လက်တုံ့ပြန်မှုဆိုင်ရာ စွပ်စွဲချက်များကို လျင်မြန်စွာ၊ တရားမျှတစွာနှင့် ဘက်လိုက်မှုမရှိဘဲ ဖြေရှင်းပေးနိုင်ရေး မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထားပါသည်။

ဤလုပ်ထုံးလုပ်နည်းများသည် လိင်အခြေပြု ခွဲခြားဆက်ဆံမှု၊ နှောင့်ယှက်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုင်ရာ တိုင်ကြားချက်များကို Title IX နှင့် ခရိုင် မူဝါဒ အလုံးစုံနှင့်အညီ တရားမျှတစွာ၊ လျင်မြန်စွာနှင့် တတ်နိုင်သမျှ တိုက်ရိုက်အထိရောက်ဆုံးအဆင့်တွင် ဖြေရှင်းနိုင်ကြောင်း သေချာစေပါသည်။ ဤလုပ်ထုံးလုပ်နည်းများသည် (လိင်အခြေပြု နှောင့်ယှက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင်) Title IX အရ တားမြစ်ထားသည့် ခွဲခြားဆက်ဆံမှုဟု စွပ်စွဲထားသော တိုင်ကြားချက်များအတွက်သာ သက်ရောက်အကျုံးဝင်သည်။

ဤလုပ်ထုံးလုပ်နည်းများကို ကျောင်းအုပ်ချုပ်ရေးရုံးတိုင်းတွင် ရရှိနိုင်မည်ဖြစ်ပြီး CMS ခရိုင် Title IX ဌာန ဝက်ဘ်ဆိုက်တွင် ပို့စ်တင်ကြေညာထားပါမည်။ လိင်အခြေပြု နှောင့်ယှက်မှုနှင့် ခွဲခြားဆက်ဆံမှု တားဆီးရေးဆိုင်ရာ ခရိုင်မူဝါဒများကို ကျောင်းသားများအတွက် CMS ကျောင်းသားကျင့်ဝတ်စည်းကမ်းတွင် သို့မဟုတ် ဝန်ထမ်းများအတွက် CMS ဘုတ်အဖွဲ့ မူဝါဒများတွင် အသေးစိတ် ဖော်ပြထားပါမည်။

II. ခွဲခြားဆက်ဆံမှုမပြုရေး အသိပေးချက်

အဖွဲ့အစည်း၏ ကတိကဝတ်

Charlotte-Mecklenburg Schools ("CMS") သည် လိင် သို့မဟုတ် လိင်အမျိုးအစားပေါ်အခြေခံသော နှောင့်ယှက်မှု လုပ်ရပ်များကို လုံးဝ သည်းခံခွင့်လွှတ်မည်မဟုတ်ပါ။ သို့ဖြစ်၍ မည်သည့် ဝန်ထမ်း/ကျောင်းသား မဆိုသည် မိမိအနေဖြင့် လိင် သို့မဟုတ် လိင်အမျိုးအစားပေါ်အခြေခံသော နှောင့်ယှက်မှုခံရသည်ဟု ယူဆလျှင် ဖြစ်စေ၊ မည်သည့် ကျောင်းသားမိဘ/ကျောင်းသား/ဝန်ထမ်း အဖွဲ့ဝင်မဆိုသည် အခြားကျောင်းသား/ဝန်ထမ်း အဖွဲ့ဝင်တစ်ဦးက လိင် သို့မဟုတ် လိင်အမျိုးအစားပေါ်အခြေခံသော နှောင့်ယှက်မှုခံရသည်ဟု ယူဆလျှင်ဖြစ်စေ ထိုကဲ့သို့သော နှောင့်ယှက်မှုကို CMS ထံသို့ သတင်းပို့တိုင်ကြားရန် တိုက်တွန်းပါသည်။ CMS သည် ထိုကဲ့သို့သော သတင်းပို့တိုင်ကြားချက်များကို လျင်မြန်စွာ စုံစမ်းစစ်ဆေးရန် ကတိပြုပါသည်။ လိင် သို့မဟုတ် လိင်အမျိုးအစားပေါ်အခြေခံသော နှောင့်ယှက်မှုနှင့်ပတ်သက်၍ ထိခိုက်ခံရသော ဝန်ထမ်းများနှင့် ကျောင်းသားများအပြင် ကျူးလွန်ကြောင်း စွပ်စွဲခံရသော ဝန်ထမ်းများနှင့် ကျောင်းသားများအတွက်ပါ အထောက်အကူပြု ဆောင်ရွက်ချက်များကို ရရှိနိုင်ပါမည်။ နှောင့်ယှက်မှု သို့မဟုတ် ရန်လိုသော ပတ်ဝန်းကျင်ကို ဖြစ်စေသည့် အခြားပြုမူဆောင်ရွက်မှုများ ပြုလုပ်ကြောင်း တွေ့ရှိရသည့် ကျောင်းသားများကို အခြေအနေပေါ် မူတည်၍ ယာယီကျောင်းထုတ်ပယ်ခြင်း သို့မဟုတ် ကျောင်းမှလုံးဝထုတ်ပယ်ခြင်း အပါအဝင် အရေးယူ အပြစ်ပေးခြင်း လုပ်ဆောင်နိုင်ပါသည်။ နှောင့်ယှက်မှု သို့မဟုတ် ရန်လိုသော ပတ်ဝန်းကျင်ကို ဖြစ်စေသည့် အခြားပြုမူဆောင်ရွက်မှုများ ပြုလုပ်ကြောင်း စွပ်စွဲခံရသော ဝန်ထမ်းများကိုလည်း CMS ဝန်ထမ်းရေးရာ ဆက်ဆံရေးဌာနသို့ လွှဲပြောင်းပေးပါမည်။

လိင် သို့မဟုတ် လိင်အမျိုးအစားပေါ်အခြေခံသော နှောင့်ယှက်မှုများကို တားဆီးရန်အတွက် ကျောင်းသားများ၊ မိဘများနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြရန် CMS က တိုက်တွန်းပါသည်။ လိင်အခြေပြု ခွဲခြားဆက်ဆံမှု သို့မဟုတ် နှောင့်ယှက်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိပါက မည်သည့် ဝန်ထမ်း၊ ကျောင်းသား သို့မဟုတ် မိဘ/အုပ်ထိန်းသူမဆို မိမိတို့ကျောင်း၏ Title IX ဆက်သွယ်ရေးအရာရှိ၊ တာဝန်ခံအုပ်ချုပ်ရေးအရာရှိ သို့မဟုတ် ခရိုင်၏ Title IX ညှိနှိုင်းရေးမှူးထံ ဆက်သွယ်သင့်ပါသည်။ တိုင်ကြားချက်များကို Office for Civil Rights, US Department of Health and Human Services သို့လည်း ပေးပို့နိုင်ပါသည်။ CMS Title IX ဌာနနှင့်ပတ်သက်သည့် ထပ်ဆောင်းအချက်အလက်များကို Title IX ဌာန စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

III. လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုဆိုတာ ဘာလဲ။

Title IX (106.30) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုဆိုသည်မှာ အောက်ပါတို့ထဲမှ အချက်တစ်ချက် သို့မဟုတ် အချက်များစွာနှင့်ကိုက်ညီသည့် လိင်အခြေပြု နှောင့်ယှက်မှု ဖြစ်ပါသည်-

- ခရိုင်ဝန်ထမ်းတစ်ဦးက အကူအညီ၊ အကျိုးခံစားခွင့် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုခု ပေးအပ်ခြင်း အတွက် သတ်မှတ်ချက်အနေဖြင့် သက်ဆိုင်သူအား မလိုလားအပ်သော လိင်ပိုင်းဆိုင်ရာ လုပ်ရပ်တွင် ပါဝင်စေခြင်း (ယင်းကို *အပေးအယူသဘောဖြင့်* နှောင့်ယှက်ခြင်းဟု ခေါ်ဆိုသည်)၊
- ပုံမှန်အသိရှိသူတစ်ဦး၏ အမြင်ဖြင့် ကြည့်ပါက ပြင်းထန်လွန်းခြင်း၊ ထပ်ခါတလဲလဲဖြစ်ပွားခြင်းနှင့် လက်မခံနိုင်လောက်အောင် ပုတ်ခတ်စော်ကားရာရောက်ခြင်းတို့ကြောင့် တစ်ဦးတစ်ယောက်အား အဖွဲ့အစည်း၏ ပညာရေးဆိုင်ရာ အစီအစဉ် သို့မဟုတ် လုပ်ဆောင်ချက်တွင် တန်းတူညီမျှ ပါဝင်ဆောင်ရွက်ခွင့်ကို ထိရောက်စွာ ပိတ်ပင်လိုက်သကဲ့သို့ ဖြစ်စေသော မလိုလားအပ်သည့် အပြုအမူ (ဆိုလိုသည်မှာ ရန်လိုသော ပတ်ဝန်းကျင်ကို ဖြစ်စေခြင်း)၊ သို့မဟုတ်
- 20 U.S.C. 1092(f)(6)(A)(v) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် "လိင်ပိုင်းဆိုင်ရာ စော်ကားမှု"၊ 34 U.S.C 12291(a)(10) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် "ချစ်သူရည်းစားအပေါ် အကြမ်းဖက်မှု"၊ 34 U.S.C. 12291(a)(8) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် "အိမ်တွင်းအကြမ်းဖက်မှု" သို့မဟုတ် 34 U.S.C. 12291(a)(30) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် "ချောင်းမြောင်းနှောင့်ယှက်ခြင်း"။

လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့် လုပ်ရပ်များလည်း ပါဝင်နိုင်ပါသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် Title IX အရ တားမြစ်ထားသည့် လိင်အခြေပြု ခွဲခြားဆက်ဆံမှု ပုံစံတစ်မျိုး ဖြစ်ပါသည်။ လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ချစ်သူရည်းစားအပေါ် အကြမ်းဖက်မှု၊ အိမ်တွင်း အကြမ်းဖက်မှုနှင့် ချောင်းမြောင်းနှောင့်ယှက်ခြင်းတို့အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့် လုပ်ရပ်များသည် ခရိုင်၏ စည်းကမ်းထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများ၊ ပြည်နယ်၏ ရာဇဝတ် ဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်သည်။

IV. အဓိပ္ပာယ်ဖွင့်ဆိုချက်များ

"အမှန်တကယ် သိရှိခြင်း"-ခရိုင်၏ Title IX ညှိနှိုင်းရေးမှူး သို့မဟုတ် ခရိုင်ကိုယ်စား အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် အခွင့်အာဏာရှိသော ခရိုင်အုပ်ချုပ်ရေးအရာရှိ သို့မဟုတ် ခရိုင်ဝန်ထမ်းက လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု စွပ်စွဲချက်များကို သတိပြုမိခြင်း။

"တိုင်ကြားသူ"-လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ရာရောက်သည့် အပြုအမူကြောင့် ထိခိုက်ခံစားရသူဟု ဆိုသော ခရိုင်၏ ကျောင်းသား သို့မဟုတ် ဝန်ထမ်း။

CMS TITLE IX မကျေနပ်ချက် ဖြေရှင်းရေး

သင်သည် အောက်ပါ ပုဂ္ဂိုလ်များထဲမှ တစ်ဦးဖြစ်ပါက Title IX တိုင်ကြားချက်ကို တင်သွင်းနိုင်ပြီး ခရိုင်၏ တရားဝင် စုံစမ်းစစ်ဆေးမှုကို တောင်းဆိုနိုင်ပါသည်-

- စွပ်စွဲထားသော ခွဲခြားဆက်ဆံမှု သို့မဟုတ် နှောင့်ယှက်မှုကြောင့် တိုက်ရိုက်ထိခိုက်ခံစားရသူ (တိုင်ကြားသူ)၊
- တိုင်ကြားသူ၏ကိုယ်စား ဆောင်ရွက်ပေးသော မိဘ၊ တရားဝင်အုပ်ထိန်းသူ သို့မဟုတ် ခွင့်ပြုချက်ရ ကိုယ်စားလှယ် သို့မဟုတ်
- ခရိုင်၏ Title IX ညှိနှိုင်းရေးမှူး (ဖက်ဒရယ် စည်းမျဉ်းများအရ လိုအပ်သည့်အခါမျိုးတွင်)။

"တိုင်တန်းခံရသူ"-ခရိုင်၏ လိင်အခြေပြု ခွဲခြားဆက်ဆံမှု တားမြစ်ချက်ကို ချိုးဖောက်သည်ဟု စွပ်စွဲခံရသော လူပုဂ္ဂိုလ်၊ ဝန်ထမ်းများ၊ အခြားကျောင်းသားများ သို့မဟုတ် ပြင်ပအဖွဲ့အစည်းများ။

"ရက်"-ဤမူဝါဒအတွင်း "ရက်" ကို ရည်ညွှန်းသော ဖော်ပြချက်အားလုံးသည် စနေ၊ တနင်္ဂနွေ၊ ကျောင်းပိတ်ရက်များနှင့် ဆက်တိုက် 24 နာရီကာလပါဝင်သည့် ပြက္ခဒိန်ရက်များကို ဆိုလိုသည်။ သတ်မှတ်နောက်ဆုံးရက်သည် စနေ၊ တနင်္ဂနွေ သို့မဟုတ် တရားဝင် ကျောင်းပိတ်ရက် ဖြစ်နေပါက သတ်မှတ်နောက်ဆုံးရက်ကို ပိတ်ရက်အပြီး ကျောင်းပြန်ဖွင့်သည့် လာမည့်ရက်၏ ညနေ 5:00 နာရီသို့ အလိုအလျောက် ရွှေ့ဆိုင်းမည် ဖြစ်သည်။

"လိင်ပိုင်းဆိုင်ရာ စော်ကားမှု"-ဖက်ဒရယ် စုံစမ်းစစ်ဆေးရေး ဗျူရို၏ တစ်ပြေးညီ ပြစ်မှုဆိုင်ရာ သတင်းပို့တိုင်ကြားရေးစနစ်အောက်တွင် အဓမ္မပြုကျင့်သော သို့မဟုတ် အဓမ္မပြုကျင့်ခြင်းမဟုတ်သော လိင်ပိုင်းဆိုင်ရာ ပြစ်မှုအဖြစ် အမျိုးအစားခွဲခြားထားသည့် ပြစ်မှုတစ်ခု။[1]

"ချစ်သူရည်းစားအပေါ် အကြမ်းဖက်မှု"-(A) တိုင်ကြားသူနှင့် ချစ်ကြိုက်သည့် သို့မဟုတ် အတွင်းကျကျ ရင်းနှီးသည့် လူမှုရေးအရ ဆက်ဆံရေးရှိနေသူ သို့မဟုတ် ရှိခဲ့ဖူးသူက ကျူးလွန်သော အကြမ်းဖက်မှုဖြစ်ပြီး (B) ထိုသို့သော ဆက်ဆံရေးမျိုး ရှိမရှိကို အောက်ပါအချက်များပေါ် မူတည်၍ ဆုံးဖြတ်မည်ဖြစ်သည်- (i) ဆက်ဆံရေး၏ ကာလသက်တမ်း၊ (ii) ဆက်ဆံရေး အမျိုးအစား၊ (iii) ဆက်ဆံရေးတွင် ပါဝင်ပတ်သက်သူ နှစ်ဦးအကြား ထိတွေ့ဆက်ဆံသည့် အကြိမ်ရေ။[2]

"အိမ်တွင်းအကြမ်းဖက်မှု"-တိုင်ကြားသူ၏ လက်ရှိအိမ်ထောင်ဖက်/အိမ်ထောင်ဖက်ဟောင်း သို့မဟုတ် လက်ရှိလက်တွဲဖော်/လက်တွဲဖော်ဟောင်းက ကျူးလွန်သော၊ တိုင်ကြားသူနှင့် ကလေးတစ်ဦး အတူတကွ ရရှိထားသူက ကျူးလွန်သော၊ တိုင်ကြားသူနှင့် အိမ်ထောင်ဖက်/လက်တွဲဖော်အဖြစ် အတူပေါင်းသင်းနေထိုင်သူ သို့မဟုတ် အတူပေါင်းသင်းနေထိုင်ခဲ့ဖူးသူက ကျူးလွန်သော၊ ခရိုင်တည်ရှိရာ တရားစီရင်ပိုင်ခွင့်နယ်မြေ၏ အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် မိသားစုအကြမ်းဖက်မှုဆိုင်ရာ ဥပဒေများအရ တိုင်ကြားသူ၏ အိမ်ထောင်ဖက်ကဲ့သို့ ပေါင်းသင်းနေထိုင်သူက ကျူးလွန်သော သို့မဟုတ် ထိုတရားစီရင်ပိုင်ခွင့်နယ်မြေ၏ အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် မိသားစုအကြမ်းဖက်မှုဆိုင်ရာ ဥပဒေများအရ ကာကွယ်ပေးထားသည့် အရွယ်ရောက်ပြီးသူ/လူငယ် တိုင်ကြားသူအပေါ် အခြားသူတစ်ဦးဦးက ကျူးလွန်သော ပြင်းထန်ရာဇဝတ်မှု သို့မဟုတ် အသေးအဖွဲရာဇဝတ်မှုမြောက်သည့် အကြမ်းဖက်မှု။ [3]

"ချောင်းမြောင်းနှောင့်ယှက်ခြင်း"-တစ်ဦးတစ်ယောက်အပေါ် ရည်ရွယ်လုပ်ဆောင်သော အပြုအမူဖြစ်ပြီး ယင်းလုပ်ရပ်ကြောင့် ပုံမှန်အသိရှိသူတစ်ဦးအား- (A) မိမိ၏ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အခြားသူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုးရိမ်ထိတ်လန့်စေခြင်း သို့မဟုတ် (B) ကြီးမားသော စိတ်ပိုင်းဆိုင်ရာ ဆင်းရဲဒုက္ခ ခံစားရစေခြင်း။ [4]

[1] 20 U.S.C. 1092(f)(6)(A)(v)
[2] 34 U.S.C. 12291(a)(10)

CMS TITLE IX မကျေနပ်ချက် ဖြေရှင်းရေး

"လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု"-တစ်ဦးတစ်ယောက်၏ ဆန္ဒကို ဆန့်ကျင်၍ဖြစ်စေ၊ တစ်ဦးတစ်ယောက်က သဘောတူညီချက် ပေးနိုင်စွမ်းမရှိသည့် အခြေအနေတွင်ဖြစ်စေ (ဥပမာ- ကျောင်းသား၏ အသက်အရွယ်ကြောင့်ဖြစ်စေ၊ မူးယစ်ဆေး သို့မဟုတ် အရက်သေစာ သုံးစွဲထားခြင်းကြောင့်ဖြစ်စေ၊ ဉာဏ်ရည်ချို့တဲ့မှု သို့မဟုတ် အခြားမသန်စွမ်းမှု ရှိသဖြင့် ကျောင်းသားမှ သဘောတူညီချက် ပေးနိုင်စွမ်းမရှိခြင်းကြောင့်ဖြစ်စေ) လိင်တူချင်း အပါအဝင် မည်သူမဆိုအကြား ဖြစ်ပွားသော ကိုယ်ထိလက်ရောက် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများ။ မုဒိမ်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း၊ လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကျပ်ကိုင်ခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှု အတော်များများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အမျိုးအစားတွင် ပါဝင်ပါသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကျောင်းဝန်ထမ်းများ၊ အခြားကျောင်းသားများ သို့မဟုတ် ပြင်ပအဖွဲ့အစည်း/ပုဂ္ဂိုလ်များက ကျူးလွန်နိုင်သည်။ ထိုကဲ့သို့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့် အပြုအမူအားလုံးမှာ Title IX အရ တားမြစ်ထားသည့် လိင်အခြေပြု ခွဲခြားဆက်ဆံမှု ပုံစံများ ဖြစ်ကြသည်။

"ပညာရေးဆိုင်ရာ အစီအစဉ်များ သို့မဟုတ် လုပ်ဆောင်ချက်များ"-တိုင်တန်းခံရသူကိုသာမက လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုဖြစ်ပွားခဲ့သည့် ပတ်ဝန်းကျင်ကိုပါ ကျောင်းအနေဖြင့် အဓိက ထိန်းချုပ်ကွပ်ကဲခွင့်ရှိသည့် တည်နေရာများ၊ ဖြစ်စဉ်များ သို့မဟုတ် အခြေအနေများ။ ယင်းတွင် အွန်လိုင်း သင်ယူမှု ပတ်ဝန်းကျင်များနှင့် ကျောင်းသားများနှင့် ဝန်ထမ်းများအကြား အွန်လိုင်းမှ ဆက်သွယ်မှုများလည်း ပါဝင်သည်။

"တရားဝင် တိုင်ကြားချက်"-တိုင်ကြားသူမှ ဖြည့်စွက်ထားသော သို့မဟုတ် ခရိုင်၏ Title IX ညှိနှိုင်းရေးမှူးမှ လက်မှတ်ရေးထိုးထားသော စာရွက်စာတမ်းဖြစ်ပြီး ယင်းစာရွက်စာတမ်းသည် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု ကျူးလွန်သည့် တိုင်တန်းခံရသူအပေါ် စွပ်စွဲချက်တင်၍ အဆိုပါ စွပ်စွဲချက်ကို စုံစမ်းဖြေရှင်းပေးရန် ခရိုင်အား တောင်းဆိုထားသည်။

"တိုင်ကြားချက် တင်သွင်းသည့် ရက်စွဲ"-စာဖြင့်ရေးသားထားသော တရားဝင် တိုင်ကြားချက်ကို တာဝန်ခံအုပ်ချုပ်ရေးအရာရှိမှ လက်ခံရရှိသည့် ရက်စွဲ။

"တာဝန်ခံအုပ်ချုပ်ရေးအရာရှိ"-သက်ဆိုင်ရာ ကျောင်း သို့မဟုတ် ဌာနအတွက် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု သတင်းပို့တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းရသော ကျောင်းတာဝန်ခံ သို့မဟုတ် ဌာနတာဝန်ခံ။ ဤပုဂ္ဂိုလ်သည် ကျောင်းအုပ်ကြီး၊ လက်ထောက် ကျောင်းအုပ်၊ ကျောင်းသားရေးရာ ဌာနမှူး၊ ခရိုင် TIX အုပ်ချုပ်ရေးအရာရှိ ဖြစ်နိုင်သလို ၎င်းတို့၏ ခွင့်ပြုချက်ရ တရားဝင် ကိုယ်စားလှယ်များ သို့မဟုတ် ကျောင်းအုပ်ကြီးမှ တာဝန်ပေးအပ်ထားသော အုပ်ချုပ်ရေးအရာရှိ ဖြစ်နိုင်သည်။

"တရားမျှတပြီး ဘက်လိုက်မှုမရှိသော စုံစမ်းစစ်ဆေးရေးမှူး/အုပ်ချုပ်ရေးအရာရှိ"-တိုင်ကြားခံရသူ သို့မဟုတ် တိုင်ကြားသူမဟုတ်ဘဲ သီးခြားခန့်အပ်ထားသော စုံစမ်းစစ်ဆေးရေးမှူး သို့မဟုတ် အုပ်ချုပ်ရေးအရာရှိ။

"စွပ်စွဲချက် အသိပေးစာ"-ပါဝင်ပတ်သက်သော တိုင်ကြားသူနှင့် တိုင်တန်းခံရသူအားလုံးထံ ပေးအပ်သော စာဖြင့်ရေးသားထားသည့် ထုတ်ပြန်ချက်ဖြစ်ပြီး စွပ်စွဲချက် အသေးစိတ်နှင့် စုံစမ်းစစ်ဆေးမှု လုပ်ငန်းစဉ်အတွင်း နှစ်ဖက်စလုံး ရပိုင်ခွင့်ရှိသော အခွင့်အရေးများကို ဖော်ပြထားသည်။

[3] 34 U.S.C. 12291(a)(12)

[4] 34 U.S.C. 12291(a)(36)

"စုံစမ်းစစ်ဆေးမှု အသိပေးစာ"-တိကျသော စွပ်စွဲချက်(များ)ကို အကြမ်းဖျင်း ဖော်ပြထားပြီး တရားဝင် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေကြောင်း ပါဝင်ပတ်သက်သော တိုင်ကြားသူနှင့် တိုင်တန်းခံရသူအားလုံးထံ အကြောင်းကြားသည့် စာဖြင့်ရေးသားထားသော ထုတ်ပြန်ချက်။

"ရလဒ် အသိပေးစာ"-ပါဝင်ပတ်သက်သော တိုင်ကြားသူနှင့် တိုင်တန်းခံရသူအားလုံးထံ ပေးအပ်သော စာဖြင့်ရေးသားထားသည့် ထုတ်ပြန်ချက်ဖြစ်ပြီး အပြီးသတ်ဆုံးဖြတ်ချက်နှင့် ထိုဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပုံအကြောင်း အသေးစိတ် ဆန်းစစ်ချက်ကို ဖော်ပြထားသည်။

V. လုပ်ထုံးလုပ်နည်းဆိုင်ရာ သတ်မှတ်ချက်များ

A. အမှန်တကယ် သိရှိစေရန် အကြောင်းကြားခြင်း-

ကျောင်းအနေဖြင့် လိင်အခြေပြု နှောင့်ယှက်မှု သို့မဟုတ် ခွဲခြားဆက်ဆံမှု စွပ်စွဲချက် အသိပေးစာကို ရရှိပါက တုံ့ပြန်ဆောင်ရွက်ရမည်။ လိင်အခြေပြု ခွဲခြားဆက်ဆံမှုဟု ကျိုးကြောင်းဆီလျော်စွာ မှတ်ယူနိုင်သည့် လုပ်ရပ်အကြောင်းကို လူတစ်ဦးက တာဝန်ခံအုပ်ချုပ်ရေးအရာရှိထံ သို့မဟုတ် (အလုပ်တာဝန်သတ်မှတ်ချက် မခွဲခြားဘဲ) *မည်သည့်*ကျောင်းဝန်ထမ်းထံမဆို အသိပေးသည့်အခါ အမှန်တကယ် သိရှိစေရန် အကြောင်းကြားခြင်း ဖြစ်ပါသည်။ မလျော်ကန်သည့် အပြုအမူကို မည်သည့်ကျောင်းဝန်ထမ်းမှမဆို ကိုယ်တိုင်မြင်တွေ့ခြင်းသည်လည်း အမှန်တကယ် သိရှိစေရန် အကြောင်းကြားခြင်းတွင် အကျုံးဝင်သည်။ မီဒီယာ၊ အွန်လိုင်း မီဒီယာနှင့် ဗီဒီယိုများကဲ့သို့သော ရင်းမြစ်များမှ သွယ်ဝိုက်ရည်ညွှန်းသော အသိပေးချက်များသည်လည်း အမှန်တကယ် သိရှိစေရန် အကြောင်းကြားခြင်းပင်ဖြစ်သည်။

B. သတင်းပို့တိုင်ကြားခြင်း-

လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု သတင်းပို့တိုင်ကြားချက်များကို တာဝန်ခံအုပ်ချုပ်ရေးအရာရှိထံ သို့မဟုတ် (အလုပ်တာဝန်သတ်မှတ်ချက်မခွဲခြားဘဲ) *မည်သည့်*ကျောင်းဝန်ထမ်းထံမဆို တိုက်ရိုက်တင်သွင်းနိုင်သည်။ တာဝန်ခံအုပ်ချုပ်ရေးအရာရှိကလည်း သတင်းပို့တိုင်ကြားချက်များ တင်သွင်းနိုင်သည်။ လိင်အခြေပြု ခွဲခြားဆက်ဆံမှုအဖြစ် ကျိုးကြောင်းဆီလျော်စွာ သတ်မှတ်နိုင်သော အပြုအမူဆိုင်ရာ သတင်းပို့တိုင်ကြားချက်များကို တာဝန်ခံအုပ်ချုပ်ရေးအရာရှိက အစောပိုင်း အဆင့်တွင် စီမံဆောင်ရွက်ပါမည်။ သတင်းပို့တိုင်ကြားချက် တင်သွင်းထားပါက တာဝန်ခံအုပ်ချုပ်ရေး အရာရှိသည် တိုင်ကြားသူအား အထောက်အကူပြု ဆောင်ရွက်ချက်များ စီစဉ်ပေးရန်နှင့် တရားဝင် မကျေနပ်ချက်တိုင်ကြားခြင်း လုပ်ငန်းစဉ်အကြောင်းကို တိုင်ကြားသူအား အသိပေးရန် တာဝန်ရှိသည်။ Title IX အရ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု သတင်းပို့တိုင်ကြားချက်များသည် ဥပဒေစိုးမိုးရေး ဌာနများထံ သတင်းပို့တိုင်ကြားချက်များနှင့် မတူညီဘဲ ၎င်းတို့ကို သီးခြားစီ တင်သွင်းရပါသည်။

C. အထောက်အကူပြု/ယာယီ ဆောင်ရွက်ချက်များ-

a. Title IX အရ စုံစမ်းစစ်ဆေးမှု ရလဒ်ကို စောင့်ဆိုင်းနေစဉ် ပညာရေးဆိုင်ရာ အစီအစဉ်များနှင့် လုပ်ဆောင်ချက်များကို တန်းတူညီမျှ အသုံးပြုခွင့် ရရှိစေရန်၊ တိုင်ကြားသူကို ကာကွယ်ရန်နှင့် တိုင်တန်းခံရသူအား တရားမျှတသော ကြားနာမှုပြုလုပ်ရန်အတွက် ကျောင်းအနေဖြင့် အထောက်အကူပြု/ယာယီ ဆောင်ရွက်ချက်များကို စီစဉ်လုပ်ဆောင်ရန် လိုအပ်ပါသည်။

b. အထောက်အကူပြု/ယာယီ ဆောင်ရွက်ချက်များသည် *တစ်ဦးချင်းစီအလိုက်* ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများဖြစ်ပြီး ပင်ကိုအားဖြင့် *စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများမဟုတ်ပါ*။ ပါဝင်သူအားလုံးအတွက် ဘေးကင်းသော ပတ်ဝန်းကျင်ကို ပံ့ပိုးပေးစဉ် တန်းတူညီမျှ ပညာသင်ကြားခွင့်ရရှိကြောင်း သေချာစေရန် ထိုဝန်ဆောင်မှုများကို ကျိုးကြောင်းဆီလျော်စွာ ရရှိနိုင်ပါသည်။ လိင်အခြေပြု နှောင့်ယှက်မှု စွပ်စွဲချက် အသိပေးစာကို ရရှိပါက တာဝန်ခံအုပ်ချုပ်ရေးအရာရှိသည် ရရှိနိုင်သော အထောက်အကူပြု/ ယာယီ ဆောင်ရွက်ချက်များကို ဆွေးနွေးရန် တိုင်ကြားသူထံ လှမ်းဆက်သွယ်ရမည်။ တရားဝင် တိုင်ကြားချက် တင်သွင်းသည်ဖြစ်စေ၊ မတင်သွင်းသည်ဖြစ်စေ အထောက်အကူပြု/ ယာယီ ဆောင်ရွက်ချက်များကို ပေးအပ်နိုင်သည်။

c. အကောင်အထည်ဖော်မည့် သီးခြား အထောက်အကူပြု/ယာယီ ဆောင်ရွက်ချက်များနှင့် ၎င်းတို့ကို အကောင်အထည်ဖော်သော လုပ်ငန်းစဉ်သည် ဖြစ်စဉ်တစ်ခုစီ၏ အချက်အလက်များ အပေါ် မူတည်၍ ကွဲပြားပါမည်။ တာဝန်ခံအုပ်ချုပ်ရေးအရာရှိသည် အကောင်အထည်ဖော်မည့် ယာယီ ဆောင်ရွက်ချက်များကို ဆုံးဖြတ်ရာတွင် အချက်အလက် အများအပြားကို ထည့်သွင်းစဉ်းစားသင့်သည်။ ယင်းတွင် တိုင်ကြားသူမှ ဖော်ပြထားသော သီးခြား လိုအပ်ချက်၊ ပါဝင်ပတ်သက်သော ကျောင်းသားများ၏ အသက်အရွယ်၊ စွပ်စွဲချက်များ၏ ပြင်းထန်မှု သို့မဟုတ် ထပ်ခါတလဲလဲဖြစ်ပေါ်မှု၊ တိုင်ကြားသူအပေါ် ဆက်လက် သက်ရောက်နေသည့် အကျိုးဆက်များ၊ တိုင်ကြားသူနှင့် စွပ်စွဲခံရသော ကျူးလွန်သူက တစ်တန်းတည်း တက်ရောက်ခြင်း၊ အကြိုအပို့ဝန်ဆောင်မှုတစ်ခုတည်း အသုံးပြုခြင်း သို့မဟုတ် ကျောင်းပြင်ပ လှုပ်ရှားမှုများကို အတူတကွ လုပ်ဆောင်ရခြင်း ရှိမရှိ၊ တိုင်ကြားသူအား ကာကွယ်ရန် အခြား တရားဥပဒေဆိုင်ရာ အစီအမံများ (ဥပမာ- ဥပဒေကြောင်းအရ အကာအကွယ်ပေးရေး အမိန့်များ) ဆောင်ရွက်ထားခြင်း ရှိမရှိတို့ ပါဝင်သည်။

d. အထောက်အကူပြု/ယာယီ ဆောင်ရွက်ချက်များ၏ ဥပမာအချို့မှာ-

- အကြံပေးဆွေးနွေးခြင်း
- စာသင်ခန်း ပြောင်းရွှေ့သတ်မှတ်ခြင်း
- ပြန်လည်စေ့စပ်ပေးသော စကားဝိုင်း
- ပြန်လည်စေ့စပ်ပေးသော အစည်းအဝေး
- ရွယ်တူချင်း ကြားဝင်ညှိနှိုင်းခြင်း
- သတ်မှတ်နောက်ဆုံးရက်များ ထပ်တိုးပေးခြင်း သို့မဟုတ် အခြား သင်ခန်းစာဆိုင်ရာ ညှိနှိုင်းပေးမှုများ
- ပါဝင်ပတ်သက်သူများအကြား နှစ်ဦးနှစ်ဖက် ဆက်သွယ်မှု ကန့်သတ်ချက်များ

e. တာဝန်ခံအုပ်ချုပ်ရေးအရာရှိသည် နစ်နာသူများအတွက် ကူညီပေးသည့် အဖွဲ့အစည်းများ၊ အိမ်ရာအကူအညီ၊ ပညာရေးဆိုင်ရာ အထောက်အပံ့၊ မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုများ၊ ကျန်းမာရေးနှင့် စိတ်ကျန်းမာရေး ဝန်ဆောင်မှုများနှင့် ဥပဒေဆိုင်ရာ အကူအညီကဲ့သို့ ရရှိနိုင်သည့် ရင်းမြစ်များအပြင် ပြစ်မှုတစ်ရပ်ကို ဒေသဆိုင်ရာ ဥပဒေစိုးမိုးရေး အဖွဲ့အစည်းထံ သတင်းပို့တိုင်ကြားခွင့်အကြောင်း နှစ်ဖက်စလုံး သိရှိစေရန် သေချာစွာ လုပ်ဆောင်ရမည်။

f. ခရိုင်အနေဖြင့် မကျေနပ်ချက် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများ ပြီးဆုံးချိန်တွင် သို့မဟုတ် အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ် ပြီးဆုံးချိန်တွင် အထောက်အကူပြု ဆောင်ရွက်ချက်များကို သင့်တော်သလို ပြင်ဆင်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း သို့မဟုတ် ယင်းကာလထက် ကျော်လွန်၍ ဆက်လက်ကျင့်သုံးခြင်းများ ပြုလုပ်နိုင်သည်။

g. ခရိုင်အနေဖြင့် အထောက်အကူပြု ဆောင်ရွက်ချက်ကို ပံ့ပိုးပေးရန် သို့မဟုတ် ပညာရေးဆိုင်ရာ အစီအစဉ် သို့မဟုတ် လုပ်ဆောင်ချက်တွင် တစ်ဖက်ဖက်၏ ပါဝင်ခွင့်ကို ပြန်လည်ရရှိစေရန် သို့မဟုတ် ထိန်းသိမ်းထားရန် လိုအပ်သည်မှလွဲ၍ အခြားတစ်ဖက်ထံ အထောက်အကူပြု ဆောင်ရွက်ချက်များ ပေးအပ်ထားကြောင်း တစ်ဖက်ထံ အကြောင်းကြားခြင်း အပါအဝင် ပံ့ပိုးကူညီရေး ဆောင်ရွက်ချက် ဆိုင်ရာ အချက်အလက်များကို သက်ဆိုင်သူမှအပ အခြားသူများထံ ထုတ်ဖော်ပြောကြားခြင်း ပြုလုပ်မည်မဟုတ်ပါ။

h. တိုင်ကြားသူ သို့မဟုတ် တိုင်တန်းခံရသူသည် မသန်စွမ်းကျောင်းသားဖြစ်ပါက တာဝန်ခံအုပ်ချုပ်ရေး အရာရှိသည် ထိုကျောင်းသား၏ 504 သို့မဟုတ် တစ်ဦးချင်း ပညာရေး အစီအစဉ် (IEP) အဖွဲ့၏ အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင်များစွာနှင့် သင့်တော်သလို တိုင်ပင်ဆွေးနွေးပြီး အထောက်အကူပြု ဆောင်ရွက်ချက်များ အကောင်အထည်ဖော်ရာတွင် မသန်စွမ်းသူများ ပညာရေး အက်ဥပဒေ (IDEA) နှင့် 1973 ခုနှစ် ပြန်လည်ထူထောင်ရေး အက်ဥပဒေ ပုဒ်မ 504 သတ်မှတ်ချက်များအား မည်သို့ လိုက်နာရမည်ကို ဆုံးဖြတ်ပါမည်။ ဤသတ်မှတ်ချက်သည် မသန်စွမ်းကျောင်းသားတစ်ဦး ပါဝင်ပတ်သက်နေသော စွပ်စွဲချက် စတင်သည့်အချိန်တွင်လည်းကောင်း၊ အထောက်အကူပြု ဆောင်ရွက်ချက်များကို အကောင်အထည်မဖော်မီ အချိန်တွင်လည်းကောင်း စတင်သည်။

D. အချိန်ကန့်သတ်ချက်များ-

ဤမကျေနပ်ချက် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းမှတစ်ဆင့် တိုင်ကြားချက်ကို တင်သွင်းမည်ဆိုပါက စွပ်စွဲထားသော မလျော်ကန်သည့် အပြုအမူ ဖြစ်ပွားပြီးနောက် တတ်နိုင်သမျှ အမြန်ဆုံး တင်သွင်းရပါမည်။ Title IX အရ လိင်အခြေပြု မလျော်ကန်သည့် အပြုအမူကို တရားဝင် တိုင်ကြားရာတွင် အချိန်ကန့်သတ်ချက်များ သတ်မှတ်ထားခြင်းမရှိပါ။ သို့သော် 85 Fed. Reg. 30214 အရ စွပ်စွဲထားသော လိင်ပိုင်းဆိုင်ရာ မလျော်ကန်သည့် အပြုအမူ ဖြစ်ပွားခဲ့ချိန်နှင့် တိုင်ကြားချက်တင်သွင်းချိန်အကြား အချိန်ကာလ ကြာမြင့်ခြင်းသည် ခရိုင်အနေဖြင့် ဆုံးဖြတ်ချက်ချနိုင်ရန် လိုအပ်သော သက်သေအထောက်အထားများ စုဆောင်းခြင်းကို အတားအဆီးဖြစ်စေပါက တိုင်ကြားချက်ကို ပယ်ချနိုင်သည်။ စုံစမ်းစစ်ဆေးမှု၏ ဖြေရှင်းချက် သို့မဟုတ် ရလဒ်ကို ကျေနပ်မှုမရှိသော မည်သည့်ဖက်ကမဆို သုံး (3) ရက်အတွင်း ခရိုင်၏ Title IX ညှိနှိုင်းရေးမှူးထံ စာဖြင့်ရေးသားထားသော အယူခံလွှာကို တင်သွင်းနိုင်သည်။

E. ပေးပို့အကြောင်းကြားခြင်း-

ဤလုပ်ထုံးလုပ်နည်းအရ အသိပေးချက် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပေးပို့အကြောင်းကြားရာတွင် လူကိုယ်တိုင်ပေးပို့သည်ဖြစ်စေ၊ ဖက်စ် သို့မဟုတ် အီးမေးလ်ပို့သည်ဖြစ်စေ လက်ခံရရှိသူထံ ပေးပို့ရောက်ရှိသည့်အချိန်မှစ၍ ထိုသူ့အပေါ် အကျုံးဝင်သက်ရောက်ရမည်။ စာတိုက်မှတစ်ဆင့် ပေးပို့ပါက အသိပေးချက်သည် ထည့်သွင်းပေးပို့သည့်ရက်မှ ပြက္ခဒိန်ရက် သုံးရက်အတွင်း အကျုံးဝင်သက်ရောက်သည်။

F. သက်သေအထောက်အထားပြရမည့် စံနှုန်း-

ကျောင်းသည် ဤလုပ်ထုံးလုပ်နည်းများအရ တိုင်ကြားချက်တစ်ခုအား စုံစမ်းစစ်ဆေးခြင်းနှင့် ဖြေရှင်းခြင်း ပြုလုပ်သည့်အခါ သက်သေအထောက်အထား အလေးသာမှု (မှန်ကန်နိုင်ခြေပိုများသော) စံနှုန်းကို အသုံးပြုရမည်။ ဖော်ပြထားသော သက်သေအထောက်အထားများကို တရားဝင်တိုင်ကြားချက်တွင် စွပ်စွဲထားသည့်အတိုင်း ဖြစ်ပွားနိုင်ခြေ ပိုများကြောင်း ဖော်ပြသည့် အချက်အလက်များနှင့် နှိုင်းယှဉ်ပါမည်။

G. သက်ဆိုင်မှု-

Title IX သည် အဝေးရောက်သင်ယူမှုနှင့် အီလက်ထရွန်နစ် နည်းလမ်းဖြင့် ဆက်သွယ်မှုများအပါအဝင် ကျောင်းတွင်းဖြစ်စေ၊ ကျောင်းပြင်ပ၌ဖြစ်စေ ဆောင်ရွက်သော ကျောင်း၏ ပညာရေးဆိုင်ရာ အစီအစဉ်များ သို့မဟုတ် လုပ်ဆောင်ချက်များနှင့် သက်ဆိုင်သည်။

V. လျှို့ဝှက်ထားရှိမှု

လျှို့ဝှက်ထားရှိမှုကို တတ်နိုင်သမျှ အမြင့်ဆုံး အတိုင်းအတာအထိ ထိန်းသိမ်းထားပါမည်။ အလွတ်သဘော လုပ်ထုံးလုပ်နည်း ဆောင်ရွက်စဉ်အတွင်း စုဆောင်းရရှိထားသော မည်သည့်အချက်အလက်ကိုမဆို တရားဝင် လုပ်ထုံးလုပ်နည်း စတင်ဆောင်ရွက်ချိန်တွင် အသုံးပြုနိုင်ပါသည်။ အပြည့်အဝ လျှို့ဝှက်ထားရှိမှုအတွက် အာမခံချက်မပေးနိုင်သော်လည်း တိုင်ကြားချက်များကို ကန့်သတ်အခြေအနေမှအပ ကျန်အခြေအနေများတွင် အခြားသူများနှင့် မျှဝေခြင်းမပြုသော ထိခိုက်လွယ်သည့် အချက်အလက်များအဖြစ် ကိုင်တွယ်ပါမည်။ လျှို့ဝှက်ထားရှိမှု ထိန်းသိမ်းခြင်းမှ ကင်းလွတ်ခွင့်ပေးသည့် ခြွင်းချက်ဥပမာများတွင် အောက်ပါတို့ ပါဝင်သည်-

- ➢ ဥပဒေအရ အစီရင်ခံတင်ပြရန် လိုအပ်သော အချက်အလက်များ
- ➢ စုံစမ်းစစ်ဆေးမှုကို ပိုမိုလွယ်ကူချောမွေ့စေရန် သို့မဟုတ် ခွဲခြားဆက်ဆံသည့် လုပ်ရပ်ကို တားဆီးရန် ကြီးကြပ်ရေး ရာထူးပိုင်းမှ အခြားသူများထံ ပေးအပ်ထားသည့် အချက်အလက်များ
- ➢ စွပ်စွဲချက်များကို တုံ့ပြန်ရာတွင် လုံလောက်သော အချက်အလက်များ ရရှိစေရန် တိုင်တန်းခံရသူထံ ပေးထားသည့် အချက်အလက်များ

A. ခရိုင်အနေဖြင့် တိုင်ကြားသူက သူ/သူမ၏ အမည်ကို ထုတ်ဖော်ပြောကြားခြင်းမပြုရန် တောင်းဆိုချက်နှင့်အညီ တိုင်ကြားချက်ကို စုံစမ်းစစ်ဆေးရန်နှင့် တုံ့ပြန်ရန် သင့်လျော်သော အဆင့်အားလုံးကို လုပ်ဆောင်ရပါမည်။ သို့သော် ထိုသို့သော လျှို့ဝှက်ထားရှိရန် တောင်းဆိုချက်များသည် တိုင်ကြားချက်တွင် ဖော်ပြထားသည့် စွပ်စွဲချက်များကို ခရိုင်အနေဖြင့် လုံလောက်စွာ စုံစမ်းစစ်ဆေးနိုင်မှုနှင့် တုံ့ပြန်နိုင်မှုတို့ကို အကန့်အသတ်ဖြစ်စေနိုင်သည်။ ထို့ပြင် လျှို့ဝှက်ထားရှိရန် တောင်းဆိုချက်များသည် ရရှိနိုင်သော အထောက်အကူပြု ဆောင်ရွက်ချက်များ ပေါ်တွင် သက်ရောက်မှုရှိနိုင်သည် (ဥပမာ- ပါဝင်သူများအကြား *နှစ်ဦးနှစ်ဖက်* ဆက်သွယ်မှု ကန့်သတ်ချက်များ)။

B. လျှို့ဝှက်ထားရှိရန် တောင်းဆိုချက်များကို ကျောင်းသားအားလုံးအတွက် ဘေးကင်းပြီး ခွဲခြားဆက်ဆံမှုမရှိသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရန် ခရိုင်၏ တာဝန်ယူမှုနှင့်စပ်လျဉ်းသည့် အခြေအနေတွင် အကဲဖြတ်သုံးသပ်သွားပါမည်။ ထိုတောင်းဆိုချက်ကို ခရိုင်မှ သက်ဆိုင်သည်ဟု ယူဆသော အောက်ပါအချက်အလက်များ အပါအဝင် ယင်းမျှမကသော မည်သည့်အချက်အလက် အပေါ်မဆို အခြေခံ၍ ချိန်ဆသုံးသပ်သွားမည်ဖြစ်သည်-

- ➢ တိုင်ကြားသူ၏ အသက်အရွယ်
- ➢ တူညီသော အခြေအနေများရှိလာပါက နောင်တွင် နှောင့်ယှက်မှု နှင့်/သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု လုပ်ရပ်များ ဆောင်ရွက်နိုင်ခြေ မြင့်မားကြောင်းကို ညွှန်ပြနေသည့် အခြေအနေများ
- ➢ ခရိုင်၌ သက်ဆိုင်ရာ သက်သေအထောက်အထားကို ရယူရန် အခြားနည်းလမ်းများ ရှိမရှိ (ဥပမာ- လုံခြုံရေး ကင်မရာများ သို့မဟုတ် ဝန်ထမ်းများ၊ ရုပ်ဝတ္ထုဆိုင်ရာ သက်သေအထောက်အထားများ)

C. တိုင်ကြားသူ၊ တိုင်တန်းခံရသူနှင့် မျက်မြင်သက်သေများ အပါအဝင် တိုင်ကြားချက်တွင် ပါဝင်သူအားလုံး၌ ကိုယ်ရေးလုံခြုံမှုဆိုင်ရာ အကျိုးစီးပွားများ ရှိသဖြင့် ပါဝင်သူအားလုံးသည် စုံစမ်းစစ်ဆေးမှုနှင့်မသက်ဆိုင်သော အခြေအနေတွင် တရားစွဲဆိုမှုများ၏ သဘောသဘာဝ သို့မဟုတ် ပါဝင်ပတ်သက်သူများ၏ အထောက်အထားကို ထုတ်ဖော်ပြောကြားခြင်း သို့မဟုတ် အများပြည်သူထံ အသိပေးခြင်း မပြုရန် သတိပေးအပ်ပါသည်။

VI. အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ်

သတင်းပို့တိုင်ကြားချက် သို့မဟုတ် တိုင်ကြားချက်ကို လက်ခံရရှိပြီးနောက် တာဝန်ခံအုပ်ချုပ်ရေးအရာရှိသည် အလွတ်သဘော ဖြေရှင်းရေးနည်းလမ်းကို ရွေးချယ်ခွင့်ပေးနိုင်သည်။ Title IX အရ လိင်အခြေပြု ခွဲခြားဆက်ဆံမှုအဖြစ် ကျိုးကြောင်း ဆီလျော်စွာ သတ်မှတ်နိုင်သော အပြုအမူဆိုင်ရာ အချက်အလက်များကို လက်ခံရရှိသည့်အခါ သို့မဟုတ် လိင်အခြေပြု ခွဲခြားဆက်ဆံမှုဆိုင်ရာ တိုင်ကြားချက်ကို တင်ပြလာသောအခါ ခရိုင်အနေဖြင့် အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ်ကို စီစဉ်ဆောင်ရွက်ပေးရန် သင့်တော်ခြင်းရှိ၊ မရှိကို ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိသကဲ့သို့ ပါဝင်သူတစ်ဦး၏ သို့မဟုတ် တစ်ဦးထက်ပိုသူများ၏ ဆန္ဒများ မည်သို့ပင်ရှိလင့်ကစား အလွတ်သဘော ဖြေရှင်းရေးကို စီစဉ်ဆောင်ရွက်ပေးရန် ငြင်းပယ်ခြင်းလည်း ပြုလုပ်နိုင်ပါသည်။ သက်ဆိုင်ရာ အပြုအမူသည် ဆိုးရွားပြင်းထန်ခြင်း သို့မဟုတ် ထပ်ခါတလဲလဲ ဖြစ်ပွားခြင်း မဟုတ်လျှင်သော်လည်းကောင်း၊ အခြေအနေကို ကုစားဖြေရှင်းရန် စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူမှု မလိုအပ်လျှင်သော်လည်းကောင်း အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ်က သင့်တော်ပါသည်။ အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ်တွင် တရားဝင် စုံစမ်းစစ်ဆေးမှု ပါဝင်ခြင်းမရှိဘဲ အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ်ကို တရားဝင် တိုင်ကြားချက် တင်သွင်းခြင်းအတွက် မဖြစ်မနေလိုအပ်ချက်အဖြစ် မသတ်မှတ်ရပါ။[5]

A. အပြီးသတ်ဆုံးဖြတ်ချက် မချမှတ်မီ မည်သည့်အချိန်တွင်မဆို အလွတ်သဘော ဖြေရှင်းရေးကို တောင်းဆိုနိုင်ပါသည် သို့မဟုတ် တာဝန်ခံအုပ်ချုပ်ရေးအရာရှိသည် ပါဝင်သူများထံ စာဖြင့်ရေးသား၍ ရွေးချယ်ခွင့်ပေးအပ်နိုင်သည်။ တာဝန်ခံအုပ်ချုပ်ရေးအရာရှိသည် မည်သည့်ဖက်ကိုမဆို အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ရန် တောင်းဆိုခြင်း သို့မဟုတ် ဖိအားပေးခြင်း မပြုရပါ။ ဆက်လက်မလုပ်ဆောင်မီ နှစ်ဖက်စလုံးသည် အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ်မှတစ်ဆင့် ကိစ္စရပ်ကို ဖြေရှင်းလိုကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် စာဖြင့်ရေးသားထားသော အတည်ပြုချက်ကို ပေးအပ်ရမည်။ အလွတ်သဘော ဖြေရှင်းရေးတွင် ပါဝင်သည့် မည်သည့်ဖက်ကမဆို အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ်မှ အချိန်မရွေး နုတ်ထွက်နိုင်ပြီး CMS မကျေနပ်ချက် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများကို စတင်နိုင်သည် သို့မဟုတ် ပြန်လည်စတင်နိုင်သည်။

ပါဝင်သူများသည် အလွတ်သဘော ဖြေရှင်းရေး သဘောတူညီချက်ပါ စည်းကမ်းချက်များကို သဘောတူလိုက်သည်နှင့် အဆိုပါ ဖြေရှင်းမှုသည် အပြီးသတ် ဖြစ်သွားသည်။ ကိစ္စရပ်အား ဖြေရှင်းပြီးဟု သတ်မှတ်ပြီးနောက် သဘောတူညီချက်ပါ စည်းကမ်းချက်များကို အယူခံဝင်ခွင့် မရှိပါ။ ဖြေရှင်းမှု သဘောတူညီချက်ကို လိုက်နာရန် ပျက်ကွက်ပါက သင့်တော်သော တုံ့ပြန်ဆောင်ရွက်မှု/စည်းကမ်းထိန်းသိမ်းရေး အရေးယူဆောင်ရွက်မှု ဖြစ်ပေါ်လာနိုင်သည် (ဥပမာ- သဘောတူညီချက်ကို ဖျက်သိမ်းခြင်းနှင့် CMS မကျေနပ်ချက် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများကို ပြန်လည်စတင်ခြင်း၊ လိုက်နာရန် ပျက်ကွက်မှုအတွက် ကျောင်းသားကျင့်ဝတ်စည်းကမ်းနှင့်အညီ လုပ်ဆောင်သည့် လုပ်ငန်းစဉ်သို့ လွှဲပြောင်းခြင်း၊ သဘောတူညီချက်ပါ လိုက်နာရေး စည်းကမ်းချက်များကို ကျင့်သုံးခြင်း)။

B. အလွတ်သဘော ဖြေရှင်းရေး ကူညီဆောင်ရွက်ပေးသူသည် လေ့ကျင့်သင်ကြားထားသူ ဖြစ်ရမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးရေးမှူး၊ ဆုံးဖြတ်ချက်ချမှတ်သူ သို့မဟုတ် အယူခံ ဆုံးဖြတ်ချက်ချမှတ်သူ မဖြစ်ရပါ။

C. အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ်ကို မစတင်မီ ခရိုင်အနေဖြင့် ပါဝင်သူများထံ အောက်ပါတို့ကို ရှင်းလင်းထားသော အသိပေးချက်ကို ပေးအပ်ရမည်-

- စွပ်စွဲချက်များ၊
- အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ်ဆိုင်ရာ သတ်မှတ်ချက်များ၊
- ဖြေရှင်းမှုကို သဘောမတူမီ မည်သည့်ပါဝင်သူမဆိုက အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ်မှ နုတ်ထွက်ပိုင်ခွင့်နှင့် CMS Title IX မကျေနပ်ချက် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများကို စတင်ပိုင်ခွင့် သို့မဟုတ် ပြန်လည်စတင်ပိုင်ခွင့် ရှိကြောင်း၊
- အလွတ်သဘော ဖြေရှင်းရေး လုပ်ငန်းစဉ် ပြီးဆုံးချိန်တွင် ပါဝင်သူများ၏ ဖြေရှင်းမှုအပေါ် သဘောတူညီချက်သည် တူညီသော စွပ်စွဲချက်များမှ ဖြစ်ပေါ်လာသော CMS မကျေနပ်ချက် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများကို စတင်ခြင်း သို့မဟုတ် ပြန်လည်စတင်ခြင်းမှ ပါဝင်သူများအား တားဆီးသွားမည်ဖြစ်ကြောင်း၊
- အလွတ်သဘော ဖြေရှင်းရေး သဘောတူညီချက်သည် ပါဝင်သူများအပေါ်၌သာ အကျုံးဝင်ကြောင်း အသိပေးချက် အပါအဝင် အလွတ်သဘော ဖြေရှင်းရေး သဘောတူညီချက်တွင် တောင်းဆိုနိုင်ခြေရှိသည့် သို့မဟုတ် ပြဋ္ဌာန်းထားနိုင်ခြေရှိသည့် စည်းမျဉ်းများနှင့်
- ခရိုင်အနေဖြင့် ထိန်းသိမ်းထားမည့် အချက်အလက်များအပြင် ၎င်း၏ ဖြေရှင်းရေး လုပ်ငန်းစဉ်တွင် အသုံးပြုရန် အဆိုပါ အချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်းရှိ၊ မရှိ။

[5] တိုင်ကြားချက်တွင် တိုင်တန်းခံရသူဝန်ထမ်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ပြစ်မှု စွပ်စွဲချက် ပါဝင်ပါက အလွတ်သဘော ဖြေရှင်းရေးကို ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

D. အလွတ်သဘော ဖြေရှင်းရေး နည်းလမ်းများတွင် အောက်ပါတို့ ပါဝင်နိုင်သည်-
   - ➢ အခြေအနေကို ကုစားဖြေရှင်းရန် သီးသန့် ရေးဆွဲထားသည့် အထောက်အကူပြု ဆောင်ရွက်ချက်များကို ပံ့ပိုးပေးခြင်းဖြင့် အထောက်အကူပြု ဖြေရှင်းနည်း။
   - ➢ ပြဿနာဖြစ်ပေါ်စေသည့် အခြေအနေကို တိုက်ရိုက် ရင်ဆိုင်ဖြေရှင်းနိုင်ရန် ပုဂ္ဂိုလ်တစ်ဦးအား နည်းလမ်းပြသ သင်ကြားပေးခြင်း
   - ➢ အငြင်းပွားနေသူများအကြား စေ့စပ်ညှိနှိုင်းပေးခြင်း
   - ➢ စေ့စပ်ညှိနှိုင်းပေးခြင်း၊ ကြားခံ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပြန်လည်စေ့စပ်ပေးသော အစည်းအဝေး၊ ပြန်လည်စေ့စပ်ပေးသော ဆွေးနွေးပွဲ သို့မဟုတ် ပြန်လည်စေ့စပ်ပေးသော စကားဝိုင်းတို့ အကန့်အသတ်မရှိ အပါအဝင် အခြားနည်းလမ်းဖြင့် ပြဿနာဖြေရှင်းခြင်း
   - ➢ ပြုမူဆောင်ရွက်ချက်များကို လမ်းကြောင်းမှန်သို့ ပြန်လည်ရောက်ရှိစေရန် စွပ်စွဲခံရသော ကျူးလွန်သူ၏ လိုက်နာရမည့် အမူအကျင့်ဆိုင်ရာ မျှော်မှန်းချက်များကို စာရေးသားပြုစုခြင်း
   - ➢ စွပ်စွဲခံရသော ကျူးလွန်သူနှင့် တွေ့ဆုံရန် စီစဉ်၍ လိင်ပိုင်းဆိုင်ရာ မလျော်ကန်သော အပြုအမူဆိုင်ရာ မူဝါဒများနှင့် လိုက်နာရမည့် သတ်မှတ်ချက်များကို ဆွေးနွေးခြင်း

E. တာဝန်ခံအုပ်ချုပ်ရေးအရာရှိသည် အလွတ်သဘော ဖြေရှင်းမှုကို ခရိုင်၏ ဗဟိုအချက်အလက် မှတ်တမ်းတင်စနစ်ကို အသုံးပြု၍ မှတ်တမ်းတင်ရမည်ဖြစ်ပြီး၊ ထိုကဲ့သို့သော မှတ်တမ်းများနှင့် ရလဒ်စာလွှာ မိတ္တူများကို Title IX အမှုတွဲ စီမံခန့်ခွဲရေး ပလက်ဖောင်းသို့ တင်ပြထားရှိရမည်။ တာဝန်ခံအုပ်ချုပ်ရေးအရာရှိသည် လက်မှတ်ရေးထိုးထားသော အလွတ်သဘော ဖြေရှင်းမှု သဘောတူညီချက်ကို ဖြေရှင်းပြီးစီးသည့်နေ့မှ သုံး (3) ရက်အတွင်း Title IX ရုံးသို့ အီးမေးလ် ပေးပို့ရမည်။ အလွတ်သဘော ဖြေရှင်းမှု သဘောတူညီချက်ကို titleixcoordinator@cms.k12.nc.us သို့ အီးမေးလ်ပို့ရမည်

VII. တရားဝင် တိုင်ကြားရေး လုပ်ထုံးလုပ်နည်းများ

သတင်းပို့တိုင်ကြားချက်နှင့်မတူညီသည်မှာ တရားဝင် တိုင်ကြားရေး လုပ်ငန်းစဉ်တွင် ကျား/မဖြစ်တည်မှုပေါ်အခြေခံသော နှောင့်ယှက်မှု ကျူးလွန်သည့် တိုင်တန်းခံရသူအပေါ် စွပ်စွဲသည့် တိုင်ကြားချက်ကို တိုင်ကြားသူကဖြစ်စေ၊ တိုင်ကြားသူ၏ ကိုယ်စား တင်သွင်းခွင့်ရှိသူ (မိဘ/အုပ်ထိန်းသူ) ကဖြစ်စေ စာဖြင့်ရေးသား၍ တောင်းဆိုရမည် သို့မဟုတ် Title IX ညှိနှိုင်းရေးမှူးက လက်မှတ်ထိုးပေးရမည်ဖြစ်ပြီး ထိုကိစ္စရပ်ကို စုံစမ်းစစ်ဆေးပေးရန် ခရိုင်အား တောင်းဆိုရပါမည်။ Title IX ကို ချိုးဖောက်မှုများနှင့်ပတ်သက်၍ ကျောင်းသားများ သို့မဟုတ် ဝန်ထမ်းများက တင်သွင်းသော တရားဝင် တိုင်ကြားချက်အားလုံးကို အရေးယူ ဆောင်ရွက်နိုင်ရန် တာဝန်ခံအုပ်ချုပ်ရေးအရာရှိထံသို့ တင်ပြရမည်။ တရားဝင် တိုင်ကြားချက်ကို တင်သွင်းလိုက်သည်နှင့် ကျောင်းအနေဖြင့် တုံ့ပြန်ဆောင်ရွက်ရန် တာဝန်ရှိပြီး မကျေနပ်ချက် ဖြေရှင်းသည့် လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် နှစ်ဖက်စလုံးအား အထောက်အကူပြု ဆောင်ရွက်ချက်များကို ဆက်လက်ပေးအပ်ရမည်။ စွပ်စွဲချက်သည် Title IX စည်းမျဉ်းများ၏ သက်ရောက်မှုနယ်ပယ်နှင့် စီရင်ဆုံးဖြတ်ပိုင်ခွင့်အတွင်း ရှိပါက တရားဝင် စုံစမ်းစစ်ဆေးမှုကို CMS Title IX ဌာနက ဆောင်ရွက်သွားမည် ဖြစ်သည်။

CMS TITLE IX မကျေနပ်ချက် ဖြေရှင်းရေး

အဆင့် 1-တရားဝင် တိုင်ကြားချက် တင်သွင်းခြင်း

A. တိုင်ကြားသူသည် တာဝန်ခံအုပ်ချုပ်ရေးအရာရှိထံမှ သို့မဟုတ် ခရိုင်၏ Title IX ဌာန ဝက်ဘ်ဆိုက်မှတစ်ဆင့် ရယူနိုင်သော ဖောင်ပုံစံကို အသုံးပြု၍ တရားဝင် တိုင်ကြားချက် တင်သွင်းနိုင်သည်။ တိုင်ကြားချက် ဖောင်ပုံစံကို ကျောင်းသားကျင့်ဝတ်စည်းကမ်း လက်စွဲစာအုပ်ထဲမှလည်း မိတ္တူကူးယူနိုင်ပါသည်။ တိုင်ကြားသူသည် တိုင်ကြားချက် ဖောင်ပုံစံတွင် တိုင်ကြားချက်၏ သဘောသဘာဝကို ရှင်းပြထားသည့် စာရေးသား ဖော်ပြချက်ကို ပူးတွဲထည့်သွင်းနိုင်ပါသည်။ တိုင်ကြားချက် ဖောင်ပုံစံတွင် လိင်အခြေပြု နှောင့်ယှက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင် လိင်အခြေပြု ခွဲခြားဆက်ဆံမှုဟု သတ်မှတ်သည့် ပြုမူဆောင်ရွက်ချက်များကို ဖော်ပြသော အချက်အလက်များ ပါဝင်ရမည် ဖြစ်ပြီး၊ တိုင်တန်းခံရသူ(များ)နှင့် စွပ်စွဲထားသော အပြုအမူကို မြင်တွေ့ခဲ့သည့် မျက်မြင်သက်သေများကို သင့်တော်သော အသေးစိတ်အချက်အလက်များဖြင့် ဖော်ပြရမည်။

a. **ပယ်ချခြင်း**

i. စုံစမ်းစစ်ဆေးမှု သို့မဟုတ် ပြဿနာဖြေရှင်းရေး လုပ်ငန်းစဉ်များအတွင်း အောက်ပါအကြောင်းရင်းများထဲမှ အချက်တစ်ချက် သို့မဟုတ် အချက်များစွာနှင့် ကိုက်ညီပါက ခရိုင်သည် တရားဝင် တိုင်ကြားချက်ကို အချိန်မရွေး ပယ်ချနိုင်ပါသည်-

1. သင့်လျော်သော ဆောင်ရွက်ချက်များကို လုပ်ဆောင်ခဲ့သော်လည်း ခရိုင်အနေဖြင့် တိုင်တန်းခံရသူ၏ အထောက်အထားကို စုံစမ်းဖော်ထုတ်နိုင်စွမ်းမရှိခြင်း၊
2. တိုင်တန်းခံရသူသည် ခရိုင်၏ ကျောင်းသားအဖြစ် ဆက်လက်တက်ရောက်မှု သို့မဟုတ် ခရိုင်၏ ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်မှု မရှိတော့ခြင်း၊
3. တိုင်ကြားသူသည် တရားဝင် တိုင်ကြားချက်တွင် ပါရှိသော စွပ်စွဲချက် အားလုံး သို့မဟုတ် အချို့ကို မိမိဆန္ဒအလျောက် ပြန်လည်ရုပ်သိမ်းသွားပြီး ခရိုင်ညှိနှိုင်းရေးမှူးက တရားဝင် တိုင်ကြားချက်ကို စတင်ဆောင်ရွက်ရန် ငြင်းပယ်ခြင်း၊
4. တိုင်ကြားချက်တွင် စွပ်စွဲထားသော အပြုအမူကို မှန်ကန်ကြောင်း သက်သေပြနိုင်ခဲ့လျှင်ပင် မူဝါဒကို ချိုးဖောက်ခြင်း မမြောက်ဟု ခရိုင်က ဆုံးဖြတ်ခြင်း။

ii. ပယ်ချလိုက်ပါက ခရိုင်သည် ပယ်ချမှု ကိစ္စရပ်နှင့် ထိုသို့ပယ်ချရသည့် အကြောင်းရင်းပါဝင်သော စာဖြင့်အသိပေးချက်ကို တိုင်ကြားသူထံသို့ အမြန်ဆုံး ပေးပို့ပါမည်။ တိုင်တန်းခံရသူအား စွပ်စွဲချက်များအကြောင်း အကြောင်းကြားပြီးမှ ပယ်ချခြင်း ဖြစ်ပေါ်ပါက ခရိုင်သည် တိုင်တန်းခံရသူထံသို့လည်း ပယ်ချလိုက်ကြောင်း အကြောင်းကြားမည် ဖြစ်သည်။

iii. ထိုသို့သော ပယ်ချသည့် ဆုံးဖြတ်ချက်ကို မည်သည့်ဖက်ကမဆို အယူခံဝင်နိုင်ပါသည်။

b. **ပယ်ချခြင်းအပေါ် အယူခံဝင်ခြင်း**

i. တိုင်ကြားသူသည် မိမိတို့၏ တရားဝင် တိုင်ကြားချက် ပယ်ချခံရခြင်းအပေါ် အယူခံဝင်နိုင်သည်။ တိုင်တန်းခံရသူအား စွပ်စွဲချက်များအကြောင်း အကြောင်းကြားပြီးမှ ပယ်ချခြင်း ဖြစ်ပေါ်ပါက တိုင်တန်းခံရသူသည်လည်း တိုင်ကြားချက် ပယ်ချခြင်းအပေါ် အယူခံဝင်နိုင်သည်။ ပယ်ချခြင်းအပေါ် အယူခံဝင်ရန် တောင်းဆိုမှုအားလုံးကို

ပယ်ချကြောင်း အကြောင်းကြားစာ ရရှိသည့်နေ့မှ ပြက္ခဒိန်ရက် သုံး (3) ရက်အတွင်း တင်သွင်းရမည်။

B. ခရိုင်ဝန်ထမ်းတစ်ဦးဦးအနေဖြင့် ကျောင်းသားတစ်ဦးသည် လိင်ပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခံရသည်ဟု ခိုင်လုံစွာယူဆလျှင် သို့မဟုတ် လိင်ပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှု၊ နှောင့်ယှက်မှု သို့မဟုတ် အကြမ်းဖက်မှု တိုင်ကြားချက်ကို ကျောင်းသားတစ်ဦးထံမှ လက်ခံရရှိလျှင် အဆိုပါ ခရိုင်ဝန်ထမ်းသည် ထိုစွပ်စွဲချက်ကို တာဝန်ခံအုပ်ချုပ်ရေးအရာရှိထံ ချက်ချင်း သတင်းပို့ရမည်။ ကျောင်းဝန်ထမ်းတစ်ဦးအနေဖြင့် ကျောင်းသားတစ်ဦးသည် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရသည် သို့မဟုတ် ဥပဒေအရ တားမြစ်ထားသော အခြားအနိုင်ကျင့်မှုနှင့် ပစ်ပယ်ထားမှု ခံရသည်ဟု ခိုင်လုံစွာယူဆလျှင် ဥပဒေအရသော်လည်းကောင်း၊ Mecklenburg ကောင်တီ ကလေးသူငယ် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု စုံစမ်းစစ်ဆေးရေးနှင့် ကြားဝင်ကူညီရေး လမ်းညွှန်ချက်များအရသော်လည်းကောင်း ထိုဝန်ထမ်းသည် သက်ဆိုင်ရာ တာဝန်ရှိသူများထံ အကြောင်းကြားရန် တာဝန်ရှိသည့်အပြင် ဤသတင်းပို့တိုင်ကြားခြင်း တာဝန်လည်းရှိပါသည်။

C. တိုင်ကြားသူ သို့မဟုတ် တိုင်တန်းခံရသူသည် မသန်စွမ်းကျောင်းသားတစ်ဦး ဖြစ်နေပါက တာဝန်ခံအုပ်ချုပ်ရေး အရာရှိသည် ထိုကျောင်းသား၏ IEP သို့မဟုတ် 504 အစီအစဉ်ကို သေချာစွာ ပြန်လည်သုံးသပ်ရမည်ဖြစ်ပြီး CMS Title IX မကျေနပ်ချက် ဖြေရှင်းရေး လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ထိုကလေးငယ်အတွက် မည်သည့် သီးခြား ပံ့ပိုးကူညီမှုဆိုင်ရာ အဆင်ပြေအောင် ဆောင်ရွက်ပေးမှုများ ရှိသင့်သည်ကို ဆုံးဖြတ်ရန် ကျောင်းသား၏ IEP သို့မဟုတ် 504 အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးနှင့် တိုင်ပင်ဆွေးနွေးရမည်။ ဤသတ်မှတ်ချက်သည် မသန်စွမ်း ကျောင်းသားတစ်ဦး ပါဝင်ပတ်သက်နေသော စွပ်စွဲချက် စတင်သည့်အချိန်တွင် လည်းကောင်း၊ အထောက်အကူပြု ဆောင်ရွက်ချက်များကို အကောင်အထည်မဖော်မီ အချိန်တွင်လည်းကောင်း စတင်သည်။

အဆင့် 2-စီရင်ပိုင်ခွင့်အာဏာကို ဆုံးဖြတ်ခြင်း

A. တရားဝင် တိုင်ကြားချက်ကို လက်ခံရရှိပြီးနောက် တာဝန်ခံအုပ်ချုပ်ရေးအရာရှိသည် တိုင်ကြားသူအား အထောက်အကူပြု ဆောင်ရွက်ချက်များ ပေးအပ်ရမည်။

B. တိုင်ကြားချက် တင်သွင်းသည့်ရက်မှ ခုနစ် (7) ရက်အတွင်း Title IX ညှိနှိုင်းရေးမှူးသည် တိုင်ကြားချက်ကို စတင်စုံစမ်းစစ်ဆေးရမည် သို့မဟုတ် ထိုတိုင်ကြားချက်သည် ခရိုင်၏ စီရင်ပိုင်ခွင့်အာဏာအတွင်း မရှိကြောင်းနှင့် ခရိုင်အနေဖြင့် မည်သည့် စုံစမ်းစစ်ဆေးမှုကိုမျှ ဆက်လက်ဆောင်ရွက်မည်မဟုတ်ကြောင်း တိုင်ကြားသူထံ စာဖြင့် အကြောင်းကြားရမည်။

C. တိုင်ကြားချက်သည် ခရိုင်၏ စီရင်ပိုင်ခွင့်အာဏာအတွင်း ရှိပါက Title IX ညှိနှိုင်းရေးမှူးအနေဖြင့် ထိုကိစ္စသည် Title IX (§106.30) အောက်ရှိ လိင်အခြေပြု နှောင့်ယှက်မှု တိုးချဲ့အဓိပ္ပာယ်ဖွင့်ဆိုချက် နယ်ပယ်အတွင်း အကျုံးဝင်မှုရှိ၊ မရှိ ဆုံးဖြတ်ရန် တိုင်ကြားချက်ကို ပြန်လည်သုံးသပ်ရမည်။

   a. တိုင်ကြားချက်သည် Title IX ချိုးဖောက်မှု သတ်မှတ်ချက်နှင့် မကိုက်ညီပါက အဆိုပါ အမှုအား Title IX ချိုးဖောက်မှုအဖြစ်မှ ပယ်ဖျက်သွားမည် ဖြစ်သည်။ ဤအခြေအနေမျိုးတွင် ထိုကိစ္စကို ကျောင်းထံသို့ ပြန်လွှဲပြောင်းပေးမည်ဖြစ်ပြီး တာဝန်ခံအုပ်ချုပ်ရေးအရာရှိသည် အထောက်အကူပြု ဆောင်ရွက်ချက်များကို စီစဉ်ပေးမည်ဖြစ်ကာ၊ CMS ကျောင်းသားကျင့်ဝတ်စည်းကမ်း သို့မဟုတ် CMS ဘုတ်အဖွဲ့ မူဝါဒတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် မလျော်ကန်သော အပြုအမူဟုတ်၊ မဟုတ်ကို ဆုံးဖြတ်သွားပါမည်။

b. တိုင်ကြားချက်သည် Title IX အောက်ရှိ လိင်ပိုင်းဆိုင်ရာ မလျော်ကန်သော အပြုအမူ သတ်မှတ်ချက်နှင့် ကိုက်ညီပါက Title IX ရုံးသည် Title IX မကျေနပ်ချက် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများအတိုင်း အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးသွားမည် ဖြစ်သည်။

D. ပေါင်းစည်းခြင်းနှင့် ဆက်စပ်သည့် မလျော်ကန်သော အပြုအမူ- စုံစမ်းစစ်ဆေးမှုအရ Title IX နှင့်မဆိုင်သော အခြားမူဝါဒချိုးဖောက်မှုများ ရှိနိုင်ကြောင်း သက်သေအထောက်အထား တွေ့ရှိရပါက ဆုံးဖြတ်ချက်ချမှတ်သူသည် အဆိုပါကိစ္စကို သက်ဆိုင်ရာ ခရိုင်မူဝါဒများနှင့်အညီ သီးခြား ပြန်လည်သုံးသပ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် စည်းကမ်းပိုင်းအရ နောက်ဆက်တွဲ အရေးယူမှု ဆောင်ရွက်နိုင်ရန် (တိုင်တန်းခံရသူ ကျောင်းသားများအတွက်) ကျောင်းအုပ်ချုပ်ရေးအရာရှိထံသို့ လွှဲပြောင်းပေးမည် သို့မဟုတ် (တိုင်တန်းခံရသူ ဝန်ထမ်းများအတွက်) CMS ဝန်ထမ်းရေးရာ ဆက်ဆံရေးဌာနထံသို့ လွှဲပြောင်းပေးမည်။

အဆင့် 3-စုံစမ်းစစ်ဆေးခြင်း

A. စွပ်စွဲချက် အသိပေးစာ

စွပ်စွဲချက်သည် Title IX အရ လိင်ပိုင်းဆိုင်ရာ မလျော်ကန်သော အပြုအမူမြောက်သည်ဟု Title IX ညှိနှိုင်းရေးမှူးက ဆုံးဖြတ်လိုက်သည်နှင့် Title IX စုံစမ်းစစ်ဆေးရေးမှူးသည် စွပ်စွဲချက် အသိပေးစာကို တိုင်ကြားသူနှင့် တိုင်တန်းခံရသူ နှစ်ဦးစလုံးထံ ပေးပို့ပါမည်။ စွပ်စွဲချက် အသိပေးစာတွင် အောက်ပါတို့ ပါဝင်ရမည်-

- ➢ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုမြောက်သည့် အမှုနှင့်တကယ် စွပ်စွဲချက်၊
- ➢ ပါဝင်ပတ်သက်သူများ၏ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြချက် (သိပါက)၊
- ➢ ဖောက်ဖျက်သည့် မူဝါဒ/စည်းမျဉ်း အတိအကျ၊
- ➢ ကနဦး စိစစ်သုံးသပ်မှု မပြုလုပ်မီ တိုင်တန်းခံရသူအနေဖြင့် မိမိအပေါ်စွပ်စွဲချက်များကို တုံ့ပြန်မှုပြင်ဆင်ရန် လုံလောက်သော အချိန်ပေးခြင်း၊
- ➢ တိုင်တန်းခံရသူ၏ အပြစ်ကင်းစင်ကြောင်း ကြိုတင်ယူဆချက်၊
- ➢ နှစ်ဖက်စလုံးတွင် မိမိတို့စိတ်ကြိုက် ရွေးချယ်သော အကြံပေးပုဂ္ဂိုလ်အသီးသီး ထားပိုင်ခွင့်ရှိကြောင်း ထုတ်ပြန်ချက်၊
- ➢ နှစ်ဖက်စလုံးက မည်သည့်အထောက်အထားကိုမဆို စစ်ဆေးပြီး သုံးသပ်ပေးရန် တောင်းဆိုနိုင်ကြောင်း ထုတ်ပြန်ချက်၊
- ➢ ကျောင်းသားကျင့်ဝတ်စည်းကမ်းနှင့် မမှန်မကန် ထွက်ဆိုတင်ပြခြင်းဆိုင်ရာ အချက်အလက်များ၊
- ➢ အလွတ်သဘော ဖြေရှင်းရေး နည်းလမ်း၊
- ➢ CMS Title IX မကျေနပ်ချက် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများ မိတ္တူတစ်စောင်ကို ရယူနိုင်သော လင့်ခ်၊
- ➢ ခရိုင်၏ လက်တုံ့ပြန်မှုမရှိရေး စာပိုဒ်
- ➢ ခရိုင်မူဝါဒသည် ပြဿနာဖြေရှင်းရေး လုပ်ငန်းစဉ်အတွင်း မဟုတ်မမှန်သော အချက်အလက်များကို သိလျက်နှင့် တင်ပြခြင်းအပါအဝင် မမှန်မကန် ထွက်ဆိုတင်ပြချက်များကို သိလျက်နှင့် ပြုလုပ်ခြင်းကို တင်းကျပ်စွာ တားမြစ်ထားကြောင်း နှစ်ဖက်စလုံးအား အသိပေးထုတ်ပြန်ချက်

- စွပ်စွဲချက်များနှင့် တိုက်ရိုက်ဆက်စပ်သော အထောက်အထားများကို ထိန်းသိမ်းထားရန် ညွှန်ကြားချက်
- Title IX စုံစမ်းစစ်ဆေးရေးမှူး၏ အမည်နှင့် ဆက်သွယ်ရန် အချက်အလက်
- တရားဝင် စုံစမ်းစစ်ဆေးမှုအတွင်း စုဆောင်းရရှိသော သက်သေအထောက်အထားများအရ Title IX နှင့်မဆိုင်သော အခြား CMS ကျောင်းသားကျင့်ဝတ်စည်းကမ်း သို့မဟုတ် CMS ဘုတ်အဖွဲ့ မူဝါဒများကို ချိုးဖောက်မှုများရှိကြောင်း အထောက်အထားများကို ပြသပါက ဆုံးဖြတ်ချက်ချမှတ်သူသည် အဆိုပါကိစ္စကို သီးခြား ပြန်လည်သုံးသပ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် စည်းကမ်းပိုင်းအရ နောက်ဆက်တွဲ အရေးယူမှု ဆောင်ရွက်နိုင်ရန် ကျောင်းအုပ်ချုပ်ရေးအရာရှိထံသို့ လွှဲပြောင်းပေးမည် သို့မဟုတ် ဝန်ထမ်းရေးရာ ဆက်ဆံရေးဌာနထံသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက်ထံ အသိပေးထုတ်ပြန်ချက်။

စုံစမ်းစစ်ဆေးစဉ်အတွင်း ကနဦးတိုင်ကြားချက်၌ ထည့်သွင်းဖော်ပြမထားသော ထပ်ဆောင်းစွပ်စွဲချက်များ ပေါ်ပေါက်လာပါက နှစ်ဖက်စလုံးကို အသိပေးရမည်။

B. **စုံစမ်းစစ်ဆေးမှု အသိပေးစာ**

တရားဝင် စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နေကြောင်း စာဖြင့်ရေးသားထားသော အသိပေးစာဖြစ်ပြီး စုံစမ်းစစ်ဆေးမှု စတင်သည်နှင့် သက်ဆိုင်သူအားလုံးထံ ထိုအသိပေးစာကို ပေးပို့ရမည်။ အသိပေးစာကို စာဖြင့်ရေးသားရမည်ဖြစ်ပြီး အောက်ပါတို့ထဲမှ နည်းလမ်းတစ်ခုဖြင့်ဖြစ်စေ၊ နည်းလမ်းများစွာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်- လူကိုယ်တိုင် ပေးပို့ခြင်း၊ တရားဝင် ခရိုင်မှတ်တမ်းများတွင် ဖော်ပြထားသည့် သက်ဆိုင်သူများ၏ ဒေသတွင်း သို့မဟုတ် အမြဲတမ်းနေရပ်လိပ်စာသို့ စာတိုက်မှတစ်ဆင့် ပေးပို့ခြင်း သို့မဟုတ် တရားဝင် ခရိုင်မှတ်တမ်းများတွင် ဖော်ပြထားသည့် သက်ဆိုင်သူများ၏ အီးမေးလ်လိပ်စာများသို့ အီးမေးလ်ပေးပို့ခြင်း။ စာတိုက်မှတစ်ဆင့် ပေးပို့ပြီးပါက၊ အီးမေးလ် ပေးပို့ပြီးပါက နှင့်/သို့မဟုတ် လူကိုယ်တိုင် လက်ခံရရှိပြီးပါက အသိပေးစာကို ပေးပို့ပြီးစီးကြောင်း မှတ်ယူပါမည်။

C. တရားမျှတပြီး ဘက်လိုက်မှုမရှိသော စုံစမ်းစစ်ဆေးမှုဖြစ်စေရန်အတွက် Title IX စုံစမ်းစစ်ဆေးရေးမှူးသည် တစ်ချိန်တည်းမှာပင် စုံစမ်းစစ်ဆေးရေးမှူးအဖြစ်ရော၊ ဆုံးဖြတ်ချက်ချမှတ်သူအဖြစ်ပါ ပူးတွဲမလုပ်ဆောင်ရ။

D. စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် တာဝန်ပေးထားသော စုံစမ်းစစ်ဆေးရေးမှူးသည် တိုင်ကြားချက်၌ ဖော်ပြထားသည့် သက်ဆိုင်သူအားလုံးအပြင် စွပ်စွဲချက်(များ)ကို ဖြေရှင်းရန်အတွက် ဆက်စပ်အချက်အလက်များ ပေးနိုင်သည်ဟု စုံစမ်းစစ်ဆေးရေးမှူးက ယူဆသော အခြားမျက်မြင်သက်သေများကိုလည်း တွေ့ဆုံမေးမြန်း၍ စစ်ဆေးရမည်။ တိုင်ကြားသူနှင့် တိုင်တန်းခံရသူ နှစ်ဦးစလုံးသည် စစ်ဆေးမေးမြန်းနိုင်သော မျက်မြင်သက်သေများကို ညွှန်းဆိုပြသခွင့်ရှိရမည့်အပြင် တာဝန်ပေးထားသော စုံစမ်းစစ်ဆေးရေးမှူးက သုံးသပ်စစ်ဆေးနိုင်ရန်အတွက် စာရွက်စာတမ်း သို့မဟုတ် အခြားအထောက်အထားများကို တင်ပြခွင့် ရရှိစေရမည်။

E. စုံစမ်းစစ်ဆေးရေးမှူးသည် တင်ပြလာသော အထောက်အထားများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှုကို ပြီးမြောက်စေရန် ထပ်ဆောင်း အရေးယူဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်နိုင်သည်။

CMS TITLE IX မကျေနပ်ချက် ဖြေရှင်းရေး

- မကျေနပ်ချက် ဖြေရှင်းရေး လုပ်ငန်းစဉ်အတွင်း သက်ဆိုင်သူများနှင့် မျက်မြင်သက်သေများ၏ ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ရန် ခရိုင်က သင့်လျော်သော အဆင့်များကို လုပ်ဆောင်ရမည်။ ဤအဆင့်များက မျက်မြင်သက်သေများနှင့် စကားပြောခြင်း၊ ၎င်းတို့၏ မိသားစုဝင်များ၊ လျှို့ဝှက်ရင်းမြစ်များ သို့မဟုတ် အကြံပေးများနှင့် တိုင်ပင်ဆွေးနွေးခြင်း သို့မဟုတ် အခြားတစ်နည်းဖြင့် မကျေနပ်ချက် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများအတွက် ကြိုတင်ပြင်ဆင်ခြင်း သို့မဟုတ် ၎င်းတို့တွင် ပါဝင်ဆောင်ရွက်ခြင်း အပါအဝင် သက်ဆိုင်သူများ၏ အထောက်အထား ရရှိပိုင်ခွင့်နှင့် တင်ပြပိုင်ခွင့်ကို ကန့်သတ်ခြင်းမရှိစေရပါ။ သက်ဆိုင်သူများသည် မျက်မြင်သက်သေများအပေါ် လက်တုံ့ပြန်ခြင်းအပါအဝင် လက်တုံ့ပြန်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုလုပ်ရပါ။
- ခိုင်လုံသော အကြောင်းပြချက်ကြောင့် ယာယီ ကြန့်ကြာမှုများမှအပ တရားဝင် စုံစမ်းစစ်ဆေးမှုကို ပြက္ခဒိန်ရက် 75 ရက်အတွင်း အပြီးသတ်ရမည်ဖြစ်ပြီး ကြန့်ကြာမှုရှိပါက နှစ်ဖက်စလုံးထံ စာဖြင့်ရေးသား၍ အကြောင်းကြားပါမည်။ ဤလုပ်ငန်းစဉ်တွင် တွေ့ဆုံမေးမြန်း၍ စစ်ဆေးခြင်းများ၊ အထောက်အထားများ စုဆောင်းခြင်း၊ မဖြစ်မနေ ဆောင်ရွက်ရမည့် ပြက္ခဒိန်ရက် 10 ရက်ကြာ အထောက်အထား ပြန်လည်သုံးသပ်သည့် ကာလ၊ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ မူကြမ်းရေးသားခြင်း၊ ပြက္ခဒိန်ရက် 10 ရက်ကြာ အစီရင်ခံစာ ပြန်လည်သုံးသပ်သည့် ကာလ၊ ဆုံးဖြတ်ချက်ချမှတ်သူ၏ သုံးသပ်မှုနှင့် စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်ထုတ်ပြန်ခြင်းတို့ ပါဝင်သည်။ ရလဒ်စာလွှာကို လက်ခံရရှိပြီးနောက် သက်ဆိုင်သူများသည် ပြက္ခဒိန်ရက် သုံး (3) ရက်ကြာ အယူခံဝင်ခွင့်ကာလကို ရရှိမည်ဖြစ်သည်။
- စုံစမ်းစစ်ဆေးရေးမှူးသည် သက်ဆိုင်မှုရှိပြီး အခြားတစ်နည်းအားဖြင့် တားမြစ်ပိတ်ပင်ထားခြင်းမရှိသော သက်သေအထောက်အထား အားလုံးကို Title IX ဆုံးဖြတ်ချက်ချမှတ်သူထံ တင်ပြမည်ဖြစ်သည်။
- Title IX ဆုံးဖြတ်ချက်ချမှတ်သူသည် အပြစ်ရှိကြောင်းပြဆိုသော သက်သေအထောက်အထားနှင့် အပြစ်မရှိကြောင်းပြဆိုသော သက်သေအထောက်အထား နှစ်ခုလုံးအပါအဝင် သက်ဆိုင်မှုရှိပြီး အခြားတစ်နည်းအားဖြင့် တားမြစ်ပိတ်ပင်ထားခြင်းမရှိသော သက်သေအထောက်အထား အားလုံးကို ဘက်လိုက်မှုမရှိဘဲ သုံးသပ်စစ်ဆေးမည်ဖြစ်သည်။ ယုံကြည်စိတ်ချရမှု ဆုံးဖြတ်ချက်များသည် လူတစ်ဦးက တိုင်ကြားသူဖြစ်ခြင်း၊ တိုင်တန်းခံရသူဖြစ်ခြင်း သို့မဟုတ် မျက်မြင်သက်သေဖြစ်ခြင်းကဲ့သို့ အခြေအနေပေါ်တွင် အခြေခံမည်မဟုတ်ပါ။
- အောက်ပါ သက်သေအထောက်အထား အမျိုးအစားများနှင့် အဆိုပါ သက်သေအထောက်အထားများကို ရယူရန် မေးမြန်းသည့် မေးခွန်းများသည် သက်ဆိုင်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တားမြစ်ပိတ်ပင်ထားသော အချက်များ ဖြစ်ပါသည် (ဆိုလိုသည်မှာ ၎င်းတို့ကို ကြည့်ရှုခွင့် သို့မဟုတ် ထည့်သွင်းစဉ်းစားခွင့် မရှိသကဲ့သို့ ထုတ်ဖော်ပြောခြင်းလည်း မပြုပါ၊ ထို့ပြင် အောက်ဖော်ပြပါ ခြွင်းချက်များထဲမှ တစ်ခုနှင့် သက်ဆိုင်ခြင်း ရှိမရှိ ဆုံးဖြတ်ရန် Title IX ဆုံးဖြတ်ချက်ချမှတ်သူက အသုံးပြုခြင်းမှလွဲ၍ အခြားတစ်နည်းအားဖြင့် အသုံးပြုမည်မဟုတ်ပါ)-
    - အခွင့်ထူး သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်းခွင့်ရှိသူက ထိုအခွင့်ထူး သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်းခွင့်ကို သဘောဆန္ဒအလျောက် စွန့်လွှတ်ခြင်းမှအပ ဖက်ဒရယ် သို့မဟုတ် ပြည်နယ်ဥပဒေအရ အသိအမှတ်ပြုထားသော အခွင့်ထူးဖြင့် ကာကွယ်ထားသည့် သက်သေအထောက်အထား သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်းရမည့် ဝန်ထမ်းထံ ပေးအပ်ထားသော သက်သေအထောက်အထား၊

- Title IX ညွှန်ကြားရေးမှူးက မကျေနပ်ချက် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများတွင် အသုံးပြုရန်အတွက် သက်ဆိုင်သူ သို့မဟုတ် မျက်မြင်သက်သေထံမှ သဘောဆန္ဒအလျောက် စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ရရှိထားခြင်းမှအပ သက်ဆိုင်သူ သို့မဟုတ် မျက်မြင်သက်သေအား ဆေးကုသမှုပေးခြင်းနှင့် စပ်လျဉ်း၍ ဆရာဝန်၊ စိတ်ပညာရှင် သို့မဟုတ် အခြားအသိအမှတ်ပြု ကျွမ်းကျင်သူ သို့မဟုတ် လက်ထောက်ကျွမ်းကျင်သူမှ ပြုလုပ်ထားသော သို့မဟုတ် ထိန်းသိမ်းထားသော သက်ဆိုင်သူ၏ သို့မဟုတ် မျက်မြင်သက်သေ၏ မှတ်တမ်းများနှင့်
- စွပ်စွဲထားသော အပြုအမူကို တိုင်တန်းခံရသူမဟုတ်ဘဲ အခြားသူတစ်ဦးက ကျူးလွန်ခဲ့ကြောင်း သက်သေပြရန် တင်ပြလာသော တိုင်ကြားသူ၏ ယခင်လိင်ပိုင်းဆိုင်ရာ အပြုအမူနှင့် ပတ်သက်သော အထောက်အထား သို့မဟုတ် စွပ်စွဲထားသည့် လိင်အခြေပြု နှောင့်ယှက်မှုအပေါ် သဘောတူညီချက်ရှိကြောင်း သက်သေပြရန် တင်ပြလာသော တိုင်ကြားသူနှင့် တိုင်တန်းခံရသူအကြား ယခင်က ရှိခဲ့ဖူးသည့် သီးခြား လိင်ပိုင်းဆိုင်ရာ ပတ်သက်မှု ဖြစ်ရပ်များအကြောင်း အထောက်အထားမှအပ တိုင်ကြားသူ၏ လိင်ပိုင်းဆိုင်ရာ စိတ်ဝင်စားမှုများ သို့မဟုတ် ယခင် လိင်ပိုင်းဆိုင်ရာ အပြုအမူများနှင့်ပတ်သက်သော အထောက်အထားများ၊ တိုင်ကြားသူနှင့် တိုင်တန်းခံရသူအကြား ယခင်က နှစ်ဦးသဘောတူ လိင်ပိုင်းဆိုင်ရာ ပတ်သက်မှုရှိခဲ့ဖူးသော အချက်သည် စွပ်စွဲထားသည့် လိင်အခြေပြု နှောင့်ယှက်မှုအပေါ် တိုင်ကြားသူ၏ သဘောတူညီချက်ရှိကြောင်း အလိုအလျောက် သက်သေပြခြင်း သို့မဟုတ် ရည်ညွှန်းခြင်းမရှိသလို၊ လိင်အခြေပြု နှောင့်ယှက်မှု ဖြစ်ပွားခဲ့သည်ဟူသော ဆုံးဖြတ်ချက်မျိုး မချနိုင်အောင် တားဆီးထားခြင်းမရှိပါ။

F. Title IX ညှိနှိုင်းရေးမှူးသည် CMS Title IX အမှုတွဲ စီမံခန့်ခွဲရေး စနစ်တွင် စာဖြင့်ရေးသားထားသော အချက်အလက်ဆိုင်ရာ တွေ့ရှိချက်၊ စာသားမှတ်တမ်း၊ စောင့်ကြည့်ရေး ဗီဒီယို၊ မှတ်စု သို့မဟုတ် အသံဖမ်းဖိုင်များ အပါအဝင် လုပ်ငန်းစဉ် အားလုံး၏ မှတ်တမ်းများကို ထိန်းသိမ်းထားပါမည်။

G. စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်အတွင်း အပြစ်ပေးအရေးယူခြင်းမဟုတ်သော တစ်ဦးချင်းအလိုက် အထောက်အကူပြု ဆောင်ရွက်ချက်များကို နှစ်ဖက်စလုံးထံ နှစ်ဦးလုံးထံ ပေးအပ်ရမည်။

H. တိုင်တန်းခံရသူအား ကျောင်းမှ အရေးပေါ် ဆိုင်းငံ့ခြင်း- Title IX အရ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု စွပ်စွဲချက်ကြောင့် ကျောင်းသား သို့မဟုတ် အခြားသူတစ်ဦး၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအပေါ် ချက်ချင်းလက်ငင်း ခြိမ်းခြောက်မှု အန္တရာယ် ရှိနေပါက "အရေးပေါ်" ကန့်သတ်အခြေအနေများတွင် စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်အတွင်း ကျောင်းသားအား ယာယီအဖြစ် ခေတ္တဆိုင်းငံ့ရန် ခရိုင်ကို ခွင့်ပြုထားသည်။ အရေးပေါ် ဆိုင်းငံ့ခြင်းကို မဆောင်ရွက်မီ ခရိုင်အနေဖြင့် အောက်ပါတို့ကို ပြုလုပ်ရမည် ဖြစ်သည်-

- ➢ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု စွပ်စွဲချက်များကြောင့် လူတစ်ဦးဦး၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ချက်ချင်းလက်ငင်း၊ ပြင်းထန်သော ခြိမ်းခြောက်မှု အန္တရာယ်ရှိမရှိ ဆုံးဖြတ်ရန်အတွက် တစ်ဦးချင်း အန္တရာယ် အကဲဖြတ်မှုကို ဆောင်ရွက်ရန်၊
- ➢ တစ်ဦးချင်း အန္တရာယ် အကဲဖြတ်မှုအပေါ် အခြေခံ၍ ချက်ချင်းလက်ငင်း ခြိမ်းခြောက်မှု အန္တရာယ်ရှိကြောင်း အတည်ပြု ဆုံးဖြတ်ရန်၊

CMS TITLE IX မကျေနပ်ချက် ဖြေရှင်းရေး

- ➢ တိုင်တန်းခံရသူအား ဆိုင်းငံ့ပြီးလျှင်ပြီးချင်း အဆိုပါ အရေးပေါ် ဆိုင်းငံ့ခြင်း ဆုံးဖြတ်ချက်အကြောင်း အသိပေးစာနှင့် ကန့်ကွက်ပိုင်ခွင့် ပေးအပ်ရန်။

ခရိုင်အနေဖြင့် စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်အတွင်း ဝန်ထမ်းတစ်ဦးအား စီမံခန့်ခွဲမှုဆိုင်ရာ ခွင့်ရက်ဖြင့် ခေတ္တရပ်နားထားနိုင်သည့် လုပ်ပိုင်ခွင့် ရှိသည်။ ထိုကဲ့သို့သော ခွင့်ရက်အတွက် လစာပေးမည်၊ လစာမပေးမည်မှာ ခရိုင်၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြစ်ပြီး North Carolina ဥပဒေနှင့် CMS ပညာရေးဘုတ်အဖွဲ့၏ မူဝါဒများအပေါ် မူတည်သည်။

အဆင့် 4-ရလဒ် အသိပေးစာ

Title IX ဆုံးဖြတ်ချက်ချမှတ်သူက သက်သေအထောက်အထားကို အမှုကိစ္စ၏ အချက်အလက်များနှင့် နှိုင်းယှဉ်သုံးသပ်ပြီး သက်သေအထောက်အထား အလေးသာမှုစံနှုန်း (ဆိုလိုသည်မှာ ခွဲခြားဆက်ဆံမှု/လိင်အခြေပြု နှောင့်ယှက်မှု/လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ပွားနိုင်ခြေ ပိုများသည်) ကို အသုံးပြု၍ ဆုံးဖြတ်ပြီးလျှင် တွေ့ရှိချက်များအပြင် ဆုံးဖြတ်ချက်ကို ထောက်ခံသည့် သုံးသပ်ချက်ကို အသေးစိတ်ဖော်ပြသော ရလဒ် အသိပေးစာကို စာဖြင့်ရေးသား၍ ထုတ်ပြန်ပါမည်။

Title IX ဆုံးဖြတ်ချက်ချမှတ်သူသည် ဆုံးဖြတ်ချက်ချမှတ်ပြီးသည်နှင့် တိုင်ကြားသူနှင့် တိုင်တန်းခံရသူ နှစ်ဦးစလုံးထံ စာဖြင့်ရေးသားထားသော ရလဒ် အသိပေးစာကို တစ်ပြိုင်နက် ထုတ်ပြန်ပေးရမည်။ ရလဒ် အသိပေးစာတွင် အောက်ပါတို့ကို ဖော်ပြရမည်-

- Title IX သို့မဟုတ် ခရိုင် မူဝါဒအရ လိင်အခြေပြု နှောင့်ယှက်မှု သို့မဟုတ် မလျော်ကန်သော အပြုအမူ ဖြစ်ပွားခဲ့ကြောင်း ခရိုင်က ဆုံးဖြတ်ခဲ့ခြင်းရှိ၊ မရှိ
- တွေ့ရှိချက်များ ချမှတ်ရန် အသုံးပြုသော အကြောင်းပြချက်နှင့် သက်သေအထောက်အထားဆိုင်ရာ ခွဲခြမ်းစိတ်ဖြာချက်
- တိုင်တန်းခံရသူအပေါ် ချမှတ်ထားသည့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှု
- ခွဲခြားဆက်ဆံသည့် အပြုအမူကို ချက်ချင်းရပ်တန့်ရန် အကောင်အထည်ဖော် လုပ်ဆောင်သော ဆောင်ရွက်ချက်များ
- တိုင်ကြားသူအတွက် တန်းတူညီမျှ ပညာသင်ကြားခွင့်နှင့် သက်ဆိုင်ပါက ခရိုင်ပညာသင်ကြားရေးပတ်ဝန်းကျင်ကို ပြန်လည်ရရှိစေရန် သို့မဟုတ် ဆက်လက်ထိန်းသိမ်းထားရန် ပံ့ပိုးပေးထားသော သက်ညှာခွင့်များ
- နှောင့်ယှက်သည့် သို့မဟုတ် ခွဲခြားဆက်ဆံသည့် အပြုအမူများ ထပ်မံမဖြစ်ပွားစေရန် ပြုပြင်တည့်မတ်ရေးအတွက် ဆောင်ရွက်ထားသော အဆင့်များ

မည်သည့်ဖက်ကမဆို အဆင့် 5- အယူခံဝင်ပိုင်ခွင့်များအရ အယူခံကို အချိန်မီ မတင်သွင်းလျှင် ဆုံးဖြတ်ချက်ချမှတ်သူ၏ တွေ့ရှိချက်များကို အယူခံဝင်နိုင်သည့်ကာလ ကုန်ဆုံးသည့်အခါ အပြီးသတ်အတည်ပြုပြီး အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။

CMS TITLE IX မကျေနပ်ချက် ဖြေရှင်းရေး

အဆင့် 5-အယူခံဝင်ပိုင်ခွင့်များ

A. အဆင့် 4 ရှိ ဖြေရှင်းချက်ကို စိတ်ကျေနပ်မှုမရှိသည့်ဖက်က ရလဒ် အသိပေးစာကို လက်ခံရရှိသည့်နေ့မှစ၍ ပြက္ခဒိန်ရက် သုံး (3) ရက်အတွင်း ခရိုင်၏ Title IX ညှိနှိုင်းရေးမှူးထံ စာဖြင့်ရေးသားထားသော အယူခံလွှာ တင်သွင်းနိုင်သည်။ စာဖြင့်ရေးသားထားသော အယူခံလွှာတွင် သဘောမတူရသည့် သီးခြား အကြောင်းရင်းများကို ရှင်းရှင်းလင်းလင်း ဖော်ပြပြီး ပြန်လည်စဉ်းစားသုံးသပ်ခြင်းက နောက်ဆုံးရလဒ်အား ပြောင်းလဲသွားစေနိုင်ပုံကို ရှင်းပြရမည်။

သက်ဆိုင်သူအနေဖြင့် အောက်ပါအကြောင်းပြချက်များဖြင့်သာ အယူခံဝင်နိုင်သည်-

- **လုပ်ထုံးလုပ်နည်းဆိုင်ရာ မမှန်ကန်မှု-** ကိစ္စရပ်၏ ရလဒ်ကို တိုက်ရိုက် ထိခိုက်စေသည့် သို့မဟုတ် ပြောင်းလဲစေသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ချို့ယွင်းမှု ဖြစ်ပေါ် ခဲ့သည်။
- **သက်သေအထောက်အထားအသစ်များ-** ဆုံးဖြတ်ချက်ချမှတ်ချိန်တွင် ကျိုးကြောင်းဆီလျော်စွာ မရရှိနိုင်ခဲ့သော သက်ဆိုင်ရာ သက်သေအထောက်အထားများ ရရှိနိုင်လာပြီး ယင်းက ရလဒ်ကို ပြောင်းလဲစေနိုင်သည်။
- **အကျိုးစီးပွား ပဋိပက္ခ သို့မဟုတ် ဘက်လိုက်မှု-** Title IX ညှိနှိုင်းရေးမှူး၊ စုံစမ်းစစ်ဆေးရေးမှူး(များ) သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သူ(များ)တွင် ယေဘုယျအားဖြင့် တိုင်ကြားသူများ သို့မဟုတ် တိုင်တန်းခံရသူများအပေါ် ဖြစ်စေ၊ အထူးသဖြင့် တိုင်ကြားသူ သို့မဟုတ် တိုင်တန်းခံရသူတစ်ဦးချင်းအပေါ် ဖြစ်စေ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ သို့မဟုတ် ဘက်လိုက်မှုရှိခဲ့ပြီး ယင်းက ရလဒ်ကို ထိခိုက်စေခဲ့သည်။

A. ပယ်ချခြင်းကို အယူခံဝင်ထားပါက ခရိုင်၏ Title IX ညှိနှိုင်းရေးမှူးသည် အောက်ပါတို့ကို လုပ်ဆောင်ရမည်-

a. သတိပေးချက်ကို တိုင်တန်းခံရသူထံ ယခင်က ပေးမထားပါက စွပ်စွဲချက်များအကြောင်း သတိပေးချက် အပါအဝင် အယူခံဝင်ခြင်းအကြောင်းကို သက်ဆိုင်သူများအား အသိပေးခြင်း၊

b. သက်ဆိုင်သူများအတွက် အယူခံဝင်သည့် လုပ်ထုံးလုပ်နည်းများကို အညီအမျှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

c. အယူခံအတွက် ဆုံးဖြတ်ချက်ချမှတ်သူသည် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တိုင်ကြားချက်ကို ပယ်ချခြင်းတွင် မပါဝင်ကြောင်း သေချာစေခြင်း၊

d. အယူခံအတွက် ဆုံးဖြတ်ချက်ချမှတ်သူကို Title IX စည်းမျဉ်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးထားကြောင်း သေချာစေခြင်း၊

e. ရလဒ်ကို ထောက်ခံသည့် သို့မဟုတ် ကန့်ကွက်သည့် ထုတ်ပြန်ချက်ပြုလုပ်ရန် ကျိုးကြောင်းဆီလျော်ပြီး တန်းတူညီမျှသော အခွင့်အရေးကို သက်ဆိုင်သူများအား ပေးအပ်ခြင်းနှင့်

f. အယူခံဝင်သည့် ရလဒ်နှင့် ရလဒ်အတွက် အကြောင်းပြချက်ကို သက်ဆိုင်သူများအား အသိပေးခြင်း။

B. ခရိုင်၏ Title IX ညှိနှိုင်းရေးမှူးသည် အယူခံကို ကြားနာရန် အယူခံအတွက် ဆုံးဖြတ်ချက်ချမှတ်သူကို ခန့်အပ်ရမည်။ အယူခံအတွက် ဆုံးဖြတ်ချက်ချမှတ်သူသည် တရားဝင် တိုင်ကြားချက်အတွက် ဖြေရှင်းရေး လုပ်ငန်းစဉ်တွင် ယခင်က ပါဝင်ခဲ့ခြင်း မရှိရပါ။

a. အောက်ပါအကြောင်းပြချက်များအတွက်သာ အယူခံဝင်နိုင်သည်-

   i. ရလဒ်ကို ပြောင်းလဲသွားစေနိုင်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ မမှန်ကန်မှု။

   ii. တာဝန်ရှိမှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်သည့်အချိန်တွင် ကျိုးကြောင်းဆီလျော်စွာ မရရှိနိုင်ခဲ့ဘဲ ရလဒ်ကို ပြောင်းလဲသွားစေနိုင်သည့် သက်သေအထောက်အထားအသစ်။

   iii. ညှိနှိုင်းရေးမှူး၊ စုံစမ်းစစ်ဆေးရေးမှူး(များ) သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သူ(များ)တွင် ယေဘုယျအားဖြင့် တိုင်ကြားသူများ သို့မဟုတ် တိုင်တန်းခံရသူများအပေါ် ဖြစ်စေ၊ အထူးသဖြင့် တိုင်ကြားသူ သို့မဟုတ် တိုင်တန်းခံရသူတစ်ဦးချင်းအပေါ် ဖြစ်စေ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ သို့မဟုတ် ဘက်လိုက်မှုရှိခဲ့ပြီး ယင်းက ရလဒ်ကို ထိခိုက်စေခဲ့သည်။

b. အယူခံဝင်ရန် တောင်းဆိုချက်တွင် ဤမူဝါဒရှိ အကြောင်းပြချက်များနှင့် ကိုက်ညီသည့် အချက်အလက်များကို ဖော်ပြထားခြင်းမရှိပါက အယူခံအတွက် ဆုံးဖြတ်ချက်ချမှတ်သူသည် သက်ဆိုင်သူအားလုံးနှင့် ၎င်းတို့၏ အကြံပေးပုဂ္ဂိုလ်များ၊ ညှိနှိုင်းရေးမှူးအပြင် သင့်လျော်ပါက စုံစမ်းစစ်ဆေးရေးမှူးနှင့် မူလ ဆုံးဖြတ်ချက်ချမှတ်သူကိုလည်း အသိပေးရပါမည်။

c. အခြားသက်ဆိုင်သူအားလုံးနှင့် ၎င်းတို့၏ အကြံပေးပုဂ္ဂိုလ်များ၊ ညှိနှိုင်းရေးမှူးနှင့် သင့်လျော်ပါက စုံစမ်းစစ်ဆေးရေးမှူး(များ) နှင့်/သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သူအား အတည်ပြုထားသော အကြောင်းပြချက်များပါရှိသည့် အယူခံဝင်ရန် တောင်းဆိုချက်မိတ္တူ ပေးမည်ဖြစ်ပြီး ထိုပုဂ္ဂိုလ်များတွင် အတည်ပြုလက်ခံထားပြီး ၎င်းတို့ပါဝင်ပတ်သက်သည့် အယူခံအပိုင်းအတွက် တုံ့ပြန်ချက် ပေးပို့ရန် ပြက္ခဒိန်ရက် သုံး (3) ရက် အချိန်ရှိပါမည်။ အယူခံအတွက် ဆုံးဖြတ်ချက်ချမှတ်သူသည် တုံ့ပြန်ချက်များ ရှိပါက အားလုံးကို စိစစ်သုံးသပ်၍ မှတ်ချက်ပေးနိုင်ရန်အတွက် သက်ဆိုင်သူအားလုံးထံ ဆက်လက် ပေးပို့ပါမည်။

d. (သက်ဆိုင်ပါက) အယူခံမဝင်သူသည်လည်း ဤအချိန်တွင် အယူခံဝင်ရန် ရွေးချယ်နိုင်ပါသည်။ ထိုသို့ ရွေးချယ်ပါက အဆိုပါ အယူခံဝင်ရန် တောင်းဆိုချက်ကို ဤမူဝါဒပါ အကြောင်းပြချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဆုံးဖြတ်ရန် အယူခံအတွက် ဆုံးဖြတ်ချက်ချမှတ်သူက ပြန်လည်သုံးသပ်ပြီး အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်ပါမည်။ အတည်ပြုပါက တောင်းဆိုချက်ကို မူလက အယူခံဝင်ရန် တောင်းဆိုခဲ့သူ၊ ညှိနှိုင်းရေးမှူးနှင့် စုံစမ်းစစ်ဆေးရေးမှူး(များ) နှင့်/သို့မဟုတ် မူလ ဆုံးဖြတ်ချက် ချမှတ်သူထံ လိုအပ်သလို ဆက်လက် ပေးပို့မည်ဖြစ်ပြီး၊ ထိုပုဂ္ဂိုလ်များသည် တုံ့ပြန်ချက်များရှိပါက ပြက္ခဒိန်ရက် သုံး (3) အတွင်း ၎င်းတို့၏ တုံ့ပြန်ချက်များကို တင်သွင်းရမည်။ ထိုကဲ့သို့သော တုံ့ပြန်ချက် မှန်သမျှကို သက်ဆိုင်သူအားလုံး စိစစ်သုံးသပ်၍ မှတ်ချက်ပေးနိုင်ရန်အတွက် ဖြန့်ဝေပေးပါမည်။ ငြင်းပယ်ပါက သက်ဆိုင်သူများနှင့် ၎င်းတို့၏ အကြံပေးပုဂ္ဂိုလ်များထံ သင့်လျော်သလို စာဖြင့်ရေးသား၍ အသိပေးပါမည်။

e. ဤအချိန်ကာလပြီးနောက် မည်သည့်ဖက်ကမျှ အယူခံဝင်ရန် တောင်းဆိုချက် အသစ်များကို တင်သွင်းခွင့် မရှိပါ။ အယူခံအတွက် ဆုံးဖြတ်ချက်ချမှတ်သူသည် လိုအပ်သော ထပ်ဆောင်း အချက်အလက်များနှင့် အတည်ပြုထားသော အယူခံဝင်ရန် အကြောင်းပြချက်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းအားလုံးကို စုဆောင်းမည်ဖြစ်ပြီး နောက်ဆက်တွဲ တုံ့ပြန်ချက်များကို အယူခံအတွက် ဆုံးဖြတ်ချက်ချမှတ်သူထံ မျှဝေမည်ဖြစ်ကာ ထိုပုဂ္ဂိုလ်သည် တင်သွင်းချက်အားလုံးကို လက်ခံရရှိချိန်မှ ပြက္ခဒိန်ရက် ဆယ် (10) ရက်အတွင်း ဆုံးဖြတ်ချက်ကို ထုတ်ပြန်ရပါမည်။

f. အယူခံ ဆုံးဖြတ်ချက်များသည် မူလ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာရမည်ဖြစ်ပြီး ထင်ရှားသော အမှားအယွင်း ရှိမှသာ တွေ့ရှိချက်ကို ပြောင်းလဲခြင်းနှင့် ခိုင်လုံသော အကြောင်းပြချက် ရှိမှသာ အရေးယူ ဒဏ်ခတ်မှု(များ)/တုံ့ပြန် ဆောင်ရွက်ချက်(များ)ကို ပြောင်းလဲခြင်းတို့ ပြုလုပ်ရပါမည်။ ဆုံးဖြတ်ချက်များ အားလုံးသည် သက်သေအထောက်အထား အလေးသာမှု စံနှုန်းကို ကျင့်သုံးပါသည်။

C. အယူခံ ရလဒ်

a. အယူခံ ရလဒ် အသိပေးစာ ("အယူခံ ရလဒ်") ကို သက်ဆိုင်သူများ အားလုံးထံ တစ်ပြိုင်နက်တည်း သို့မဟုတ် အသိပေးစာများအကြား ကြီးကြီးမားမား အချိန်ကြန့်ကြာမှု မရှိဘဲ ပေးပို့မည်ဖြစ်သည်။ အသိပေးစာကို အောက်ပါတို့ထဲမှ နည်းလမ်းတစ်ခုဖြင့်ဖြစ်စေ၊ နည်းလမ်းများစွာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်- လူကိုယ်တိုင် ပေးပို့ခြင်း၊ တရားဝင် အဖွဲ့အစည်းမှတ်တမ်းများတွင် ဖော်ပြထားသည့် သက်ဆိုင်သူများ၏ ဒေသတွင်း သို့မဟုတ် အမြဲတမ်းနေရပ်လိပ်စာသို့ စာတိုက်မှတစ်ဆင့် ပေးပို့ခြင်း သို့မဟုတ် သက်ဆိုင်သူများ၏ ခရိုင်မှ ထုတ်ပေးထားသော အီးမေးလ် သို့မဟုတ် အခြားတစ်နည်း နည်းဖြင့် အတည်ပြုထားသော အကောင့်သို့ အီးမေးလ်ပေးပို့ခြင်း။ စာတိုက်မှတစ်ဆင့် ပေးပို့ပြီးပါက၊ အီးမေးလ် ပေးပို့ပြီးပါက နှင့်/သို့မဟုတ် လူကိုယ်တိုင် လက်ခံရရှိပြီးပါက အယူခံ ရလဒ်ကို ပေးပို့ပြီးစီးကြောင်း မှတ်ယူပါမည်။

b. အယူခံကို ဆုံးဖြတ်ပြီးပါက ရလဒ်သည် အပြီးသတ်ဖြစ်ပြီး နောက်ဆုံး ဆုံးဖြတ်ချက်အဖြစ် သတ်မှတ်ပါမည်။ ဆုံးဖြတ်ချက် သို့မဟုတ် အရေးယူ ဒဏ်ခတ်မှုကို ပြန်လည်ပြင်ဆင် စိစစ်ရန် ထပ်မံပေးပို့စဉ်အတွင်း ပြောင်းလဲသွားပါကလည်း (ဆုံးဖြတ်ချက် အသစ်တစ်ခု ဖြစ်ပေါ်လာသည့် အခြေအနေမှလွဲ၍) ထပ်မံ အယူခံဝင်ခွင့် ပြုမည်မဟုတ်ပါ။ အယူခံဝင်မှုကြောင့် တွေ့ရှိချက် သို့မဟုတ် အရေးယူ ဒဏ်ခတ်မှု ပြောင်းလဲသွားခြင်း မရှိပါက အဆိုပါ ဆုံးဖြတ်ချက်သည် အပြီးသတ် ဖြစ်သည်။ အယူခံဝင်မှုတစ်ခုကြောင့် တွေ့ရှိချက်အသစ် သို့မဟုတ် အရေးယူ ဒဏ်ခတ်မှုအသစ် ဖြစ်ပေါ်လာပါက အဆိုပါ တွေ့ရှိချက် သို့မဟုတ် အရေးယူ ဒဏ်ခတ်မှုကို အထက်ဖော်ပြပါ အကြောင်းရင်းများပေါ် အခြေခံ၍၊ ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ နောက်ဆုံးတစ်ကြိမ် ထပ်မံ အယူခံဝင်နိုင်သည်။

c. တစ်ဖက်စီသည် ဖြစ်စဉ်တစ်ခုလျှင် အယူခံတစ် (1) ကြိမ်သာ တင်သွင်းနိုင်သည်။

D. အယူခံဝင်နေစဉ်အတွင်း အရေးယူ ဒဏ်ခတ်မှုများ

a. ဆုံးဖြတ်ချက် ရလဒ်အဖြစ် ချမှတ်ထားသော မည်သည့် အရေးယူ ဒဏ်ခတ်မှုကိုမဆို အယူခံ လုပ်ငန်းစဉ်အတွင်း ခေတ္တဆိုင်းငံ့ထားမည် (ဆိုလိုသည်မှာ အကောင်အထည်ဖော် ဆောင်ရွက်မည်မဟုတ်ပါ)။ အယူခံ ဆုံးဖြတ်ချက် မချမီအထိ အထောက်အကူပြု အစီအမံများကို ထိန်းသိမ်းထားရှိခြင်း သို့မဟုတ် ပြန်လည်စတင်ခြင်းတို့ ပြုလုပ်နိုင်သည်။

အဆင့် 6-ပြင်ပအဖွဲ့အစည်းများသို့ တိုင်ကြားခြင်း

အထက်ဖော်ပြပါ အဆင့် 5 ရှိ ခရိုင်၏ Title IX ညှိနှိုင်းရေးမှူး သို့မဟုတ် အယူခံအတွက် ဆုံးဖြတ်ချက်ချမှတ်သူ၏ တွေ့ရှိချက်ကို မည်သည့်ဖက်ကမဆို စိတ်ကျေနပ်မှုမရှိပါက စွပ်စွဲထားသော Title IX ချိုးဖောက်မှုများ ဖြစ်ပွားခဲ့ချိန်မှ ရက်ပေါင်း 180 အတွင်း Washington, D.C ရှိ နိုင်ငံသားအခွင့်အရေးရုံး ("OCR") ထံ တိုင်ကြားချက် တင်သွင်းနိုင်သည်။[6]

နောက်ထပ် အချက်အလက်များကို 400 Maryland Avenue SW, Washington, D.C, 20024 ရှိ အမေရိကန် ပြည်ထောင်စု ပညာရေးဝန်ကြီးဌာန၏ နိုင်ငံသားအခွင့်အရေးရုံးတွင် ရယူနိုင်ပါသည်။[7]

VIII. စည်ကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူ ဒဏ်ခတ်မှုများနှင့် ကုစားဖြေရှင်းမှုများ

စုံစမ်းစစ်ဆေးမှုအရ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုသည် လိင်အခြေပြု ရန်လိုသော ပတ်ဝန်းကျင်တစ်ခုကို ဖြစ်ပေါ်စေခဲ့သည်ဟု တွေ့ရှိရပါက ခရိုင် နှင့်/သို့မဟုတ် ကျောင်းသည် နှောင့်ယှက်မှုကို ရပ်တန့်ရန်၊ ရန်လိုသော ပတ်ဝန်းကျင်ကို ပဂျောက်စေရန်နှင့် ထပ်မံ မဖြစ်ပွားအောင် တားဆီးရန်အတွက် လျင်မြန်ထိရောက်သော အရေးယူမှုအဆင့်များကို ဆောင်ရွက်ပါမည်။ ဖက်ဒရယ် သို့မဟုတ် ပြည်နယ် ဥပဒေများ သို့မဟုတ် ခရိုင် မူဝါဒများကို ဖောက်ဖျက်၍ ခွဲခြားဆက်ဆံသည့် လုပ်ရပ်၊ နှောင့်ယှက်စော်ကားမှု ဖြစ်ပွားခဲ့ကြောင်း သို့မဟုတ် တိုင်ကြားမှုအတွက် လက်တုံ့ပြန်မှုပြုလုပ်ခဲ့ကြောင်း ဤလုပ်ထုံးလုပ်နည်းများမှတစ်ဆင့် ဆုံးဖြတ်တွေ့ရှိပါက ဝန်ထမ်းများနှင့် ကျောင်းသားများသည် စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူခံရနိုင်သည်။

A. ကျောင်းသားများ။ ကျောင်းသားများသည် အခြေအနေများအရ လိုအပ်ပါက ကျောင်းတက်ခွင့်ဆိုင်းငံ့ခြင်း၊ ကျောင်းမှ ထုတ်ပယ်ခြင်း သို့မဟုတ် အခြားကျောင်းသို့ ပြောင်းရွှေ့နေရာချထားခြင်း အပါအဝင် စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူခံရနိုင်သည်။ အကြံပြုထားသော စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အကျိုးဆက်များတွင် ကာလရှည် ဆိုင်းငံ့ပြစ်ဒဏ် သို့မဟုတ် ကျောင်းမှထုတ်ပယ်ခြင်းတို့ ပါဝင်ပါက ကျောင်းသားသည် North Carolina အထွေထွေ ပြဋ္ဌာန်းချက် § 115C-390.8၊ North Carolina အထွေထွေ ပြဋ္ဌာန်းချက် § 115C-390.11၊ CMS ပညာရေးဘုတ်အဖွဲ့ မူဝါဒများ၊ CMS ကျောင်းသားကျင့်ဝတ်စည်းကမ်းနှင့်အညီ ကြားနာစစ်ဆေးခွင့်နှင့် အယူခံဝင်ခွင့်များကို ဆက်လက်လုပ်ဆောင်ခွင့် ရှိသည်။

B. ဝန်ထမ်းများ။ ကြားနာစစ်ဆေးခွင့်များနှင့် အယူခံဝင်ခွင့်များ အပါအဝင် ဝန်ထမ်းများအတွက် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အကျိုးဆက်များကို North Carolina ပြည်နယ်ဥပဒေ၊ CMS ဘုတ်အဖွဲ့ မူဝါဒနှင့် စည်းမျဉ်းများအတိုင်း ဆောင်ရွက်သွားပါမည်။ ဝန်ထမ်းများအား အရေးယူ ဒဏ်ခတ်မှုများကို CMS ဝန်ထမ်းရေးရာ ဆက်ဆံရေးဌာနက ဆုံးဖြတ်၍ ထုတ်ပြန်ပါသည်။

C. စုံစမ်းစစ်ဆေးမှု ပြီးဆုံးချိန်တွင် နှစ်ဖက်စလုံးအား အထောက်အကူပြု ဆောင်ရွက်ချက်များနှင့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုမဟုတ်သော ကုစားဖြေရှင်းမှုများကို ပေးအပ်နိုင်ပါသည်။

[6] OCR လက်စွဲစာအုပ်ကို ကြည့်ရန် https://www2.ed.gov/about/offices/list/ocr/docs/ocrcpm.pdf

[7] လုပ်ငန်းစဉ်များ ဆောင်ရွက်နေစဉ် မည်သည့်အချိန်၌မဆို သက်ဆိုင်သူတစ်ဦးသည် OCR ထံ တိုင်ကြားချက် တင်သွင်းနိုင်ပါသည်။

IX. လက်တုံ့ပြန်မှုမရှိရေး

A. သဘောရိုးဖြင့် တိုင်ကြားချက် တင်သွင်းသော ကျောင်းသားများ၊ ဝန်ထမ်းများ သို့မဟုတ် မိဘများသည် ၎င်းတို့၏ တိုင်ကြားချက်ကို ဖြေရှင်းရာတွင် လက်တုံ့ပြန်ခံရခြင်း၊ အကျပ်ကိုင်ခံရခြင်းနှင့် လက်စားချေတုံ့ပြန်ခံရခြင်းတို့မှ ကင်းဝေးစေရမည်။ ထို့ပြင် သဘောရိုးဖြင့် တိုင်ကြားချက်တစ်ခုအတွက် မျက်မြင်သက်သေအဖြစ် ဆောင်ရွက်ပေးသူများသည်လည်း လက်စားချေတုံ့ပြန်ခံရခြင်းမှ ကင်းဝေးစေရမည်။

B. လက်တုံ့ပြန်ခြင်းသည် မူလဖြစ်ပွားခဲ့သော နှောင့်ယှက်စော်ကားမှု သို့မဟုတ် ခွဲခြားဆက်ဆံမှု စွပ်စွဲချက်မှ သီးခြားခွဲထွက်နေသည့် စည်းကမ်းဖောက်ဖျက်မှုတစ်ရပ်ဖြစ်သည်။ သဘောရိုးဖြင့် တာဝန်ခံအုပ်ချုပ်ရေးအရာရှိထံ စာရေးသား၍ တင်သွင်းလာသော လက်တုံ့ပြန်မှုဆိုင်ရာ တိုင်ကြားချက်များကို ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးသွားပါမည်။ မူလတိုင်ကြားချက်တွင် အကြောင်းရင်းကို တွေ့ရှိသည်ဖြစ်စေ၊ မတွေ့ရှိသည်ဖြစ်စေ လက်တုံ့ပြန်မှု လုပ်ဆောင်သူများသည် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူမှု ခံရပါမည်။

X. မဟုတ်မမှန် တိုင်ကြားခြင်း

A. နှောင့်ယှက်မှု၊ ခွဲခြားဆက်ဆံမှု သို့မဟုတ် လက်တုံ့ပြန်မှုဟု စွပ်စွဲလျက် မဟုတ်မမှန် တိုင်ကြားချက် သို့မဟုတ် အထင်အမြင်လွဲစေသည့် တိုင်ကြားချက်ကို သိသိလျက်နှင့် တင်သွင်းလာသူများသည် တိုင်ကြားချက် ပယ်ချခံရခြင်း အပါအဝင် အခြားသင့်လျော်သော စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူမှု ခံရပါမည်။

B. တိုင်ကြားသူသည် နှောင့်ယှက်မှု၊ ခွဲခြားဆက်ဆံမှု သို့မဟုတ် လက်တုံ့ပြန်မှုဟု စွပ်စွဲလျက် မဟုတ်မမှန် တိုင်ကြားချက် သို့မဟုတ် အထင်အမြင်လွဲစေသည့် တိုင်ကြားချက်ကို သိသိလျက်နှင့် တင်သွင်းခဲ့ကြောင်း သက်သေအထောက်အထား အများစုက ထောက်ခံပါက အဆိုပါ တိုင်ကြားချက်သည် ပယ်ချခံရမည်ဖြစ်ပြီး တိုင်ကြားချက် တင်သွင်းခဲ့သည့် ကျောင်းသား သို့မဟုတ် ဝန်ထမ်းသည် ခရိုင်၏ ကျောင်းသားကျင့်ဝတ်စည်းကမ်း၊ CMS ဘုတ်အဖွဲ့ မူဝါဒနှင့် စည်းမျဉ်းများနှင့်အညီ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူမှု ခံရပါမည်။

XI. ဤလုပ်ထုံးလုပ်နည်းများ၊ အချိန်ကာလသတ်မှတ်ချက်များနှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ဆောင်ချက်များ ဆက်စပ်ပုံ

A. ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော မည်သည့်အချက်ကမျှ တိုင်ကြားသူအား ပြုမူဆောင်ရွက်ချက်များကို ဒေသဆိုင်ရာ ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများထံ ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ အစီရင်ခံတိုင်ကြားပိုင်ခွင့်မှ တစ်နည်းနည်းဖြင့် ဟန့်တားခြင်းမရှိစေရပါ။ တိုင်ကြားသူများတွင် ခရိုင် I ထံသို့ Title IX တိုင်ကြားချက်နှင့် ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများထံသို့ ပြစ်မှုဆိုင်ရာ တိုင်ကြားချက် နှစ်ခုလုံးကို တစ်ပြိုင်နက်တည်း တင်သွင်းပိုင်ခွင့် ရှိသည်။ တိုင်ကြားသူသည် ပြစ်မှုဆိုင်ရာ တိုင်ကြားချက်ကို တင်သွင်းပါက တာဝန်ခံအုပ်ချုပ်ရေးအရာရှိအနေဖြင့် တိုင်ကြားမှု လုပ်ငန်းစဉ်ကို စတင်ရန် ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှု သို့မဟုတ် ပြစ်မှုဆိုင်ရာ တရားရင်ဆိုင်မှု ပြီးဆုံးသည်အထိ စောင့်ဆိုင်းခြင်း မပြုရပါ။

B. စုံစမ်းစစ်ဆေးမှုကို ယာယီဆိုင်းငံ့ထားရန် ဥပဒေစိုးမိုးရေး အရာရှိများထံမှ တောင်းဆိုချက် အပါအဝင် အခြေအနေများအရ လိုအပ်ပါက ခရိုင် နှင့်/သို့မဟုတ် ကျောင်းသည် ၎င်း၏ စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ရာတွင် ခေတ္တခဏ ကြန့်ကြာမှုများ ရှိနိုင်သော်လည်း၊ တာဝန်ခံအုပ်ချုပ်ရေးအရာရှိသည် သက်ဆိုင်သူများထံ စုံစမ်းစစ်ဆေးမှု အခြေအနေကို ဆက်လက် အသိပေး အကြောင်းကြားရမည်ဖြစ်ပြီး ခရိုင် နှင့်/သို့မဟုတ် ကျောင်းသည် Title IX စုံစမ်းစစ်ဆေးမှုကို မည်သည့်အချိန်တွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း သက်ဆိုင်သူများအား အကြောင်းကြားရပါမည်။ ခရိုင်သည် တတ်နိုင်သမျှ အမြန်ဆုံး ၎င်း၏ ဖြေရှင်းရေး လုပ်ငန်းစဉ်ကို ချက်ချင်း ပြန်လည်စတင်ပါမည်။ ထိုသို့ ဆိုင်းငံ့ထားစဉ်အတွင်း တာဝန်ခံအုပ်ချုပ်ရေးအရာရှိသည် သင့်တော်သည်ဟု ယူဆသည့်အတိုင်း သက်ဆိုင်သူများအတွက် အထောက်အကူပြု ဆောင်ရွက်ချက်များကို ဆောင်ရွက်ပေးခြင်းနှင့် ထိန်းသိမ်းပေးခြင်းတို့ကို ပြုလုပ်ပါမည်။

XII. Title IX လေ့ကျင့်သင်ကြားရေး စာရွက်စာတမ်းများ

Title IX ညှိနှိုင်းရေးမှူး၊ စုံစမ်းစစ်ဆေးရေးမှူးများ၊ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် တာဝန်ခံအုပ်ချုပ်ရေးအရာရှိများ အသုံးပြုသော လေ့ကျင့်သင်ကြားရေး စာရွက်စာတမ်းများကို CMS Title IX ဝဘ်စာမျက်နှာပေါ်တွင်လည်းကောင်း၊ အောက်ပါ လင့်ခ်ချိတ်ဆက်ထားသော ATIXA စုစည်းမှုတွင်လည်းကောင်း ရယူနိုင်ပါသည်။

Title IX ဝဘ်စာမျက်နှာ၏ လင့်ခ်

Atixa လေ့ကျင့်သင်ကြားရေး စာရွက်စာတမ်းများ၏ လင့်ခ်

XIII. Title IX ညှိနှိုင်းရေးမှူး၏ ဆက်သွယ်ရန် အချက်အလက်

ကျောင်းသားအချင်းချင်း သို့မဟုတ် ဝန်ထမ်းမှ ကျောင်းသားအပေါ် ပြုလုပ်သော လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု အကြောင်း၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခံရသော ကျောင်းသားများအတွက် ရရှိနိုင်သည့် နှစ်သိမ့်ဆွေးနွေးမှု သို့မဟုတ် ပညာရေးဆိုင်ရာ အရင်းအမြစ်များ၊ သို့မဟုတ် ကျောင်းသို့ Title IX တိုင်ကြားချက်ကို တင်သွင်းခြင်း စသည်တို့နှင့်ပတ်သက်၍ မေးခွန်းများ ရှိပါက Title IX ညှိနှိုင်းရေးမှူးထံ titleixcoordinator@cms.k12.ncs.us မှတစ်ဆင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။ Title IX ညှိနှိုင်းရေးမှူးထံသို့ တစ်ပတ်လျှင် ခုနစ်ရက်၊ တစ်ရက်လျှင် 24 နာရီ အီးမေးလ်ပို့နိုင်ပါသည်။

နောက်ထပ် စိုးရိမ်ပူပန်မှုများကို အောက်ဖော်ပြပါထံ အကြောင်းကြားနိုင်ပါသည်-

Michele Jean-Jumeau

ခရိုင် Title IX ညှိနှိုင်းရေးမှူး

Charlotte-Mecklenburg Schools

titleixcoordinator@cms.k12.nc.us

980-343-9900